# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏(၇၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ ပြည်ပခရီး။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ မိသားစုကထိန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ဆေးစစ်ခံ။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွှန့်လှိုင်၊ ဧရာဝတီ(၄)၊ မိသားစုကိစ္စ။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကော်မတီကိစ္စ။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကော်မတီကိစ္စ။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကော်မတီကိစ္စ။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကော်မတီကိစ္စ။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ အစည်းအဝေးတက်ရန်။ ဦးကျွန်ခဲန်း၊ ချင်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွှန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကျန်းမာရေး။

ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) (ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)၏ ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းအပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူပြုပြင် လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း (ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်း ကော်မတီ) တင်သွင်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာ စိစစ်တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူပြုပြင် လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၁။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ပညာရှင်များအားလုံးကို မင်္ဂလာပါလို့နှုတ်ဆက်ရင်း ကျွန်တော်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ချင်းပြည်နယ် အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပေါ်လျှံလွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းအတွင်း ရွှေလွင်လွင်ကုမ္ပဏီဆောက်လုပ်ရေးလီမိတက်က လုပ်ငန်းဆောင်ရွက်မှု အပေါ် မကျေနပ်၍ တိုင်ကြားမှုအပေါ် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာစိစစ်ချက် အစီရင်ခံစာ ကို အစီရင်ခံစာမှာ ဖော်ပြထားတဲ့ အချက်အလက်များကို မှန်ကန်သည် ဟု ယူဆပါသဖြင့် ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးတဲ့အခါမှာ အချက်(၃)ချက်ကို အခြေခံပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။ ပထမအချက်ကတော့ ဒီ ရွှေလွင်လွင်ကုမ္ပဏီက အမြတ်အစွန်း တစ်ခုကိုသာ ကြည့်ရှု ဆောင်ရွက်တဲ့အတွက် ပြည်သူများနစ်နာခြင်း၊ ဒုတိယအချက်အနေနဲ့ ဌာနဆိုင်ရာများနှင့် နားလည်မှု ရယူခြင်းကြောင့် ပြည်သူများနစ်နာခြင်း၊ တတိယအချက်ကတော့ ပြည်သူလူထု တင်ပြချက်အပေါ် ဂရုမစိုက်ခြင်းကြောင့် နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးကို နစ်နာခြင်းအချက်များကို အတိုချုံး ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၊ ပထမပုံမှန် အစည်းအဝေးနှင့် ဒုတိယပုံမှန်အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ်များ မေးသော အများစု မေးခွန်းမှာ လမ်းပန်းဆက်သွယ်ရေးကိစ္စ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ တတိယပုံမှန်အစည်းအဝေး

အထိတောင် လမ်းပန်းဆက်သွယ်ရေးကိစ္စ မေးခွန်းဟာ မပြီးဆုံးနိုင်သေးတဲ့အကြောင်း လွှတ်တော်ကိုယ်စားလှယ်များ အသိပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမေးမြန်းရခြင်းဟာ လမ်းမကောင်းသေးလို့ ဖြစ်ပါတယ်။ လမ်းမကောင်းသေးတာဟာလည်း ဆောက်လုပ်ရေးဝန်ထမ်းများက နိုင်ငံတော်နဲ့ ပြည်သူ့မျက်နှာကို မထောက်ဘဲ တာဝန်ထမ်းဆောင်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ လမ်းဘက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ထမ်းများက တာဝန်မကျေပွန်မှုကြောင့် ဖြစ်တယ်ဆိုတာကို ပေါ်လွင်ပါတယ်။ ဥပမာပြရရင် နေပြည်တော် မပေါ်ပေါက်မီ ရန်ကုန်-မန္တလေးနှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းကိုသာ (၁၂)ရာသီကားလမ်းများ ကောင်းကောင်းသွားနိုင်ပြီး၊ ကျန်တဲ့ ကားလမ်းများဟာ (၁၂)ရာသီ ကားမသွားနိုင်တဲ့ လမ်းအပိုင်းများ များတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ဥပမာ - ဟားခါး-မတူပီ ကားလမ်းဟာ ၁၉၇၄ ခုနှစ်က ဂျစ်ကားလမ်း စတင်ပေါက်ရောက်ပါတယ်။ ယနေ့ နှစ်ပေါင်း(၄၀) နီးပါးကြာကာလအထိ မတူပီ-ဟားခါးဂျစ်ကားလမ်းမှ (၃)တန်ကားများ မိုးရာသီအတွင်း မသွားနိုင်သေးတာဟာ ယနေ့တိုင် ဖြစ်ပါတယ်။ အခြားဒေသလည်း ဒီအတိုင်းပဲဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ နိုင်ငံတော်က ဘတ်ဂျက် မချပေးတာလား၊ သက်ဆိုင်ရာဌာနက မတောင်းတာလား ဆိုတာလည်း မေးစရာ ဖြစ်ပါတယ်။ ကျွန်တော် ဌာနဆိုင်ရာတစ်ခုကို၊ တာဝန်ရှိ လမ်းဗိုလ်ကို မေးမြန်းပါတယ်။ ဂန့်ဂေါနဲ့ ရေဗွာလမ်း ဘာဖြစ်လို့ ဒီ ယနေ့တိုင် မဆောင်ရွက်နိုင်သလဲလို့ ကျွန်တော် မေးတဲ့အခါမှာ နှစ်စဉ် သာမန်ပြင်ဆင်စရိတ် သိန်း(၂၀၀) ခန့်မှန်းချပေးပါတယ်။ ဒီထက်များ ပိုတောင်းရင် ရတယ်။ ဒါပေမယ်လို့ လုပ်ငန်းမဆောင်ရွက်နိုင်မှာစိုးလို့ ကျွန်တော်တို့ မတောင်းရဲတယ်လို့ သူက ဖြေပါတယ်။ ဒါကြောင့် နိုင်ငံတော်ကပေးလျှက်သားနဲ့ အောက်ခြေတာဝန်ခံများကတာဝန်မယူရဲတာ၊ တာဝန်မခံရဲတာရှိလို့ ဒေသခံလူထုများ နစ်နာမှုရှိတာ တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူများရဲ့ အကျိုးရရှိစေခြင်းငှာ တာဝန်ရှိတဲ့၊ တာဝန်ခံရဲတဲ့၊ သတ္တိရှိတဲ့ ဝန်ထမ်းကောင်းများလည်း လိုအပ်တယ်ဆိုတာကို ကျွန်တော်တို့ ပေါ်လွင်ပါတယ်။ ကျွန်တော်တို့ တွေ့ကြုံနေရတဲ့ လမ်းမကောင်းဘူး၊ လမ်းမကောင်းဘူး ပြောနေတာဟာ တာဝန်ရှိတဲ့သူတွေ အားနည်းချက်ကို ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ဆွေးနွေးရမယ့်ကိစ္စဟာ ပဲခူးတိုင်းမှာ ရွှေလွင်လွင်ကုမ္ပဏီကိစ္စ ဖြစ်ပါသော်လည်း ဖြစ်ပွားရသည့် အချင်းအရာဟာ သက်ဆိုင်ရာဌာနများနဲ့ လုပ်ဆောင်ချက်များစွာ တူညီဆက်နွယ်မှုရှိတဲ့အတွက် ရှည်လျားစွာ ကျွန်တော် ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေလွင်လွင်ကုမ္ပဏီရဲ့ လုပ်ဆောင်မှုအပေါ် တိုင်တဲ့ကိစ္စကို ကျွန်တော် ဆွေးနွေးပါမယ်။

ပထမအနေဖြင့် အစီရင်ခံစာမှာ ဖော်ပြထားတဲ့အတိုင်း နိုင်ငံတော်နှင့် ဒေသဆိုင်ရာပြည်သူများ၏အကျိုးကို မကြည့်ဘဲ မိမိအမြတ်အစွန်းရရှိရေးကိုသာ ဦးစားပေးလုပ်ဆောင်သွားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ စာချုပ်မှာ ကျေးလက်လမ်းအတွက် သတ်မှတ်စံချိန်စံညွှန်းမှာ ဂျင်းကျောက် သို့မဟုတ် ဂန့်ဂါးကျောက် နှစ်လက်မထုခင်းကျင်းရန် ပါရှိသော်လည်း မြေနီကျောက်စရစ်ကို အစားထိုး သုံးစွဲခြင်း၊ လမ်းဘေးတစ်ဖက်တစ်ချက်စီတွင် ရေမြောင်း ပါဝင်သော်လည်း ဆောင်ရွက်မှုမရှိသည်ကို အစီရင်ခံစာမှာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းသည် အခြားဒေသများမှာလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော် ရေဗွာ-ဂန့်ဂေါလမ်း (၂၄)မိုင်မှ (၂၆)မိုင်ကြားနဲ့ မင်းတပ်မှ ကျောက်ထုလမ်းများမှာ မိုးရာသီနီးမှ လမ်းများခဲ့သဖြင့် မိုးရွာသောအခါ လမ်းမပေါ်တွင်

မြေသားများသည် ရွှံ့များဖြစ်၍ ကားသွားလာရာ၌ ပိုမိုအခက်အခဲရှိသည်ကို တွေ့ရပါတယ်။ ဆိုလိုတဲ့ အဓိပ္ပာယ်မှာ ကြိုတင်ပြီးတော့ လမ်းပြင်ဆင်ဖို့ ဘတ်ဂျက်ကိုမပေးဘဲ ဘတ်ဂျက်ကုန်ခါနီး မတ်၊ ဧပြီလကျမှ ကပ်ပြီးတော့ ဘတ်ဂျက်ရရှိတဲ့အတွက် သူတို့ဟာ အလုပ်ဖြစ်သလို လုပ်သွားတဲ့အခါမှာ မူလ ကားသွားလို့ရတဲ့ လမ်းများဟာ ဒီ ရွှံ့များနဲ့ဖြစ်ပြီးတော့ ကားတွေ မသွားနိုင်ဘဲရှိတာကို ကျွန်တော် တွေ့ခဲ့ရပါတယ်။ ရာခိုင်နှုန်းအရ စာချုပ်၌ ပါရှိသော ငွေများအရစ်ကျ ရရှိနိုင်ရေးအတွက် လုပ်ငန်းပြ သဘောနဲ့ လုပ်ဆောင်ခြင်းဖြစ်သည်ကို တွေ့ရပါတယ်။ သတ်မှတ်စံချိန်စံညွှန်းနဲ့ မညီသောကြောင့် နောင်နှစ် ဘတ်ဂျက်ကို ပြန်လည်၊ ဒေသခံများ တိုင်ကြား၍ ကုမ္ပဏီများ လဲလှယ်မှုရရှိသော်လည်း သတ်မှတ်ထားသော စံချိန်စံညွှန်းနဲ့မကိုက်ညီသော လုပ်ဆောင်ချက်များဖြစ်သောကြောင့် ဆက်လက် မဆောင်ရွက်ရသော်လည်း ကုမ္ပဏီများ အမြတ်အစွန်း ရရှိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအနေဖြင့် ဌာနဆိုင်ရာများနဲ့ နားလည်မှုရှိခြင်းကြောင့် ပြည်သူများ နစ်နာရမှု ရှိပါတယ်။ ပဲခူးတိုင်း (၁၁)မြို့နယ်မှ ကျေးလက် လမ်း၊ တံတားပါ ဆောင်ရွက် ရမည့် စာချုပ်ပါလုပ်ငန်းကာလမှာ ၃၁-၁-၂၀၁၃ မှ ၃၁-၃-၂၀၁၃ (၂)လသာ ဖြစ်ပါတယ်။ သတ်မှတ် ကာလ ပြီးစီးအောင် မဆောင်ရွက်နိုင်ပါက စပေါ်ငွေကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမယ် ဖြစ်သော်လည်း စပေါ်ငွေကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းသည်ကို မတွေ့ရသည့်အပြင် နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း လုပ်ငန်းပြီးစီးမှု (၆၀)ရာခိုင်နှုန်းသာ ရှိသော်လည်း လုပ်ငန်းတန်ဖိုး၏ (၈၀)ရာခိုင်နှုန်းဖြစ်သော ကျပ်သန်းပေါင်း(၃၃၈.၇၄၄) ထုတ်ပေးထားသည်ကို တွေ့ရမှာဖြစ်ပါတယ်။ စာချုပ်ပါ လုပ်ငန်းကာလမှာ ၃၁-၃-၂၀၁၃ ရက်နေ့ဖြစ်သော်လည်း ၁၅-၆-၂၀၁၃ ရက်နေ့အထိ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ပါမည် ဟု ပဲခူးတိုင်း အစိုးရဝန်ကြီးချုပ်ထံ အကြိမ်ကြိမ် တင်ပြ သော်လည်း အစီရင်ခံစာ တင်သည့်နေ့တိုင်အောင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို ဝန်ကြီးချုပ်မှ ခွင့်လွှတ်သည်မှာလည်း သဘောကောင်းလွန်းသည်ဟု ထင်မြင်ယူဆမိပါတယ်။ စာချုပ်ပါကာလအတွင်း မပြီးမြောက်ပါက တစ်နှစ်လျှင် ကုမ္ပဏီက ကျပ်သိန်းပေါင်း(၅၀၀)လျော်ရန် ဖြစ်သော်လည်း ဒီကိစ္စလည်း အစီရင်ခံစာမှာ မတွေ့ရပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေဖြင့် ဆွေးနွေးတင်ပြချင်တာကတော့ သက်ဆိုင်ရာ ဒေသခံများ၏ အပြုသဘောဆောင်သော တင်ပြချက်များကို ကုမ္ပဏီလုပ်သားများက လက်မခံ၍ ဒေသခံပြည်သူများနဲ့ ပူးပေါင်းဆောင်ရွက်လိုခြင်းမရှိခြင်း၊ ဒေသခံများ၏ တင်ပြချက်ကို ဂရုမစိုက်ခြင်း များသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် များစွာနစ်နာစေပါသည်။ ဥပမာ - ကားလမ်းများ ဖောက်လုပ်ရာတွင် ဆောက်လုပ်ရေးလမ်းအူကြောင်း သေချာစွာ ရွေးချယ်ထားသော လမ်းမဟုတ်ဘဲ လုပ်ငန်းစာချုပ်ကာလအတွင်း ပြီးမြောက်နိုင်သော လမ်းနေရာများ ဖောက်လုပ်နေကြခြင်းကြောင့် ကားလမ်း အတက်/အဆင်းနေရာများ များစွာရှိပါသဖြင့် ကားများသွားလာရာ၌ များစွာအခက်အခဲ ရှိပါတယ်။ လွယ်ကူသော မြေနေရာ၊ မြေပြန့်နေရာတွင် သတ်မှတ်စံချိန်စံညွှန်းအတိုင်း လမ်းများချဲ့ထွင် ဖောက်လုပ်ပြီး ခက်ခဲသောနေရာ၌ ဖြစ်သလိုဖောက်လုပ်နေသည်ကို တွေ့ရပါတယ်။ လိုအပ်ပါက လိုအပ်သောနေရာတွင် လမ်းလွှဲများ ဖောက်လုပ်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီ၏အဓိပ္ပာယ်မှာ လူထုအုပ်ချုပ်သောစနစ် ဟု အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါတယ်။ လူထုထံမှာ အာဏာရှိသောစနစ် (People Power) ဟုလည်း ပြောဆိုလို့

ရပါတယ်။ နိုင်ငံတော်သမ္မတကလည်း လူထုဗဟိုပြု၍ အုပ်ချုပ်မှုစနစ် အောင်မြင်စေရေးအတွက် ဒုတိယဝန်ကြီး များ ဥက္ကဋ္ဌတာဝန်ပေးပြီး Delivery Unit များ ဖွဲ့စည်းခြင်း၊ ၎င်းအပေါ်မှာ People Service Assistance Committee ပြည်သူ့ဝန်ထမ်းများ၏ ဝန်ဆောင်မှု အကဲဖြတ်အဖွဲ့ ကော်မတီများကို ဗဟိုမှာ ဖွဲ့စည်းစေပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးကို ရှင်းလင်းစေခဲ့ပါတယ်။ လွန်ခဲ့တဲ့လမှာ ကျွန်တော် ဟားခါးမှာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း နဲ့ ဦးတင်နိုင်သိန်း ဒီကိစ္စများ ဆွေးနွေးတဲ့ အစည်းအဝေးမှာ ကျွန်တော် တက်ရောက်တယ်။ ကျေးရွာအုပ်ချုပ်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီနှင့် မြို့နယ် စီမံကိန်းများ အထောက်အကူပြုကော်မတီ လုပ်ငန်းကော်မတီများတွင် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းစေကာ ဖွဲ့စည်းစေရမယ်လို့ သူတို့ ထည့်သွင်းဆွေးနွေးပါတယ်။ ကျွန်တော်တို့ရဲ့ ဌာနများက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ကိုယ်စားလှယ်များ အစစ်အမှန်ဖြစ်သော်လည်း သက်ဆိုင်ရာ ဆက်နွှယ်မှုမရှိခြင်း၊ အပြန်အလှန် ဆွေးနွေးမှု မရှိခြင်းကြောင့် ဒီလိုလုပ်ငန်းမျိုးမှာ မအောင်မမြင်ဖြစ်တာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။

ယခုအခါ ဘဏ္ဍာနှစ် ၂၀၁၃-၂၀၁၄ နှစ်မှာ လမ်းပန်းဆက်သွယ်ရေးအတွက် နိုင်ငံတော်မှ ငွေအမြောက်အမြား သုံးစွဲပြီး ကန်ထရိုက်စနစ်ဖြင့် တင်ဒါများ ခေါ်ယူပြီးဆောင်ရွက်မယ်ဖြစ်ပါတယ်။ ချင်းပြည်နယ်မှ ကုမ္ပဏီ(၁၂)ခုလောက်က တင်ဒါရရှိပြီး လုပ်ငန်းစာချုပ် (၇)လအတွင်း အပြီးဆောင်ရွက် ရမယ် ဖြစ်ပါတယ်။ ကျန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆောင်ရွက်ကြမယ်လို့ ကျွန်တော် ထင်ပါတယ်။ သို့ပါ၍ နိုင်ငံတော်က ထားရှိသော စေတနာကို ပြည်သူလူထု အကျိုးခံစားနိုင်ရေး အတွက် များစွာလိုအပ်ပါတယ်။ ပဲခူးတိုင်း၊ ရွှေလွင်လွင်ကုမ္ပဏီကဲ့သို့ အလားတူကိစ္စများ မဖြစ်ပေါ်စေရန် ကြိုတင်စီမံချက်များ လုပ်ဆောင်ရန် လိုအပ်ပါသည် ဟု ထင်ပါတယ်။ ထိုစီမံချက်မှာ သက်ဆိုင်ရာ အစိုးရကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဒေသခံလူထုမှ လွတ်လပ်သော စေတနာရှိသော လမ်းကော်မတီကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်စေပြီး ဖွဲ့စည်းသင့်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ကြီးဌာနကို အကြံပြုလိုပါတယ်။ ဒီလိုမှ ကော်မတီ သက်ဆိုင်ရာ ဒေသခံ ကော်မတီများ မရှိဘူးဆိုရင် ယခင်ကလိုပဲ အရစ်ကျငွေ ရရှိရေးကိုသာ ဦးတည် လုပ်ဆောင်ကြတဲ့အတွက် ကုမ္ပဏီများက ဖြစ်သလို လုပ်ငန်းဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့စေတနာကို ပြည်သူများ ခံစားနိုင်မှာ မဟုတ်ပါဘူး။

ဥပမာ - ရွှေလွင်လွင်ကုမ္ပဏီလုပ်ဆောင်ချက် ပဲခူးတိုင်း (၁၁)မြို့နယ်၏ လမ်းခင်းကျောက် ဟာ ကန့်ကူရန်ကျောက်များ သုံးစွဲရန် ဖော်ပြပါရှိသော်လည်း ကန့်ကူရန်ကျောက်အစား မြေနီကျောက် များ အစားထိုးလုပ်ဆောင်ခြင်းသည် လုပ်ငန်းဆောင်ရွက်စဉ်ကာလမှာ သက်ဆိုင်ရာ ကိုယ်စားလှယ် များက ထောက်ပြခြင်း၊ အကျိုးအကြောင်း တင်ပြခြင်းများကို ကုမ္ပဏီက လက်မခံခြင်းကြောင့် ဖြစ်တယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ ဒါကြောင့်မို့လို့ နောက်တစ်ခါ ဖြစ်ပေါ်လာတဲ့ကိစ္စဟာ ဒေသခံသက်ဆိုင်ရာ ကိုယ်စားလှယ်များ ပါဝင်တဲ့ လွတ်လပ်တဲ့ လမ်းကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းဆောင်ရွက်စဉ်ကာလတွင် လမ်းကော်မတီက ကြီးကြပ်မှုသာ စံချိန်စံညွှန်းနဲ့ ကိုက်ညီသော

လမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ စေတနာကို ပြည်သူများ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၂။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က ဦးသိန်းဝင်း၊ ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီက မကွေးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်- တောင်ညိုကျောက်ချောခင်းခြင်းလုပ်ငန်းအပေါ် အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ်မှာ အရေးယူပြုပြင်လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ပဲခူးတိုင်းသားဖြစ်သလို အမျိုးသားလွှတ်တော်ရဲ့ ပြည်သူ့ငွေစာရင်းကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ယခု ဦးသိန်းဝင်း တင်ပြသွားတဲ့ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်းဟာ နတ္တလင်းမြို့ရဲ့အရှေ့ဘက်မှာရှိပြီးတော့ တောင်ညိုဆည် အထိ သွားတဲ့လမ်း ဖြစ်ပါတယ်ခင်ဗျား။ တိုင်းဒေသကြီးရဲ့ သဘောသဘာဝအရ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးရဲ့ အနောက်ဘက်ခြမ်းဒေသဟာ ရန်ကုန်-ပြည် လမ်းမကြီးက ဗဟိုပြုထားတာ ဖြစ်ပါတယ်။ အဲဒီ ရန်ကုန်-ပြည်လမ်းမကြီးရဲ့ အရှေ့ဘက်မှာ ပဲခူးရိုးမတောင်ခြေအထိ ဆက်သွယ်ထားတဲ့လမ်းတွေဟာ လမ်းမကြီးပေါ်မှာရှိတဲ့ မြို့တိုင်းကို ဆက်သွယ်ထားပါတယ်။ တစ်ခါ ရန်ကုန်-ပြည်လမ်းမကြီး အနောက်ဘက်ပိုင်းမှာရှိတဲ့ လမ်းတွေကတော့ မြစ်မခမြစ်ဝှမ်းနဲ့ ဧရာဝတီမြစ်ကမ်း အထိ ဆက်သွယ်ထားတဲ့လမ်းတွေပဲ ဖြစ်ပါတယ်။ ယခု နတ္တလင်းမြို့နယ်ရဲ့ အရှေ့ဘက်မှာရှိတဲ့ ဒီ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်းဟာ နတ္တလင်းမြို့ရဲ့ အရှေ့ဘက်က ရွာတွေကို အကျိုးပြုတဲ့ လမ်းမကြီးတစ်ခုလည်း ဖြစ်ပါတယ်။ အဲဒီ ရွာသူ/ရွာသားတွေရဲ့ အရေးထားရတဲ့လမ်း ဆိုရင်လည်း မမှားပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းကို ယခု ရွှေလွင်လွင်ကုမ္ပဏီက မပြုပြင်ခင်အချိန်က နတ္တလင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦး နဲ့ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များက ဦးဆောင်ပြီးတော့ မြို့မိမြို့ဖတွေ၊ ရပ်ရွာက ပြည်သူတွေဝိုင်း ပြီးတော့ ကိုယ့်အားကိုယ်ကိုးပြီး ကြိုတင်ပြီးတော့ ပြုပြင်ထားတဲ့ လမ်းကြီးတစ်လမ်း ဖြစ်ပါတယ်။ အဲဒီလို စုပေါင်းဝိုင်းဝန်း ပြုပြင်ရင်းကနေပြီးတော့ လွှတ်တော်မှာ ထပ်မံတင်ပြတောင်းခံရင် ပိုမိုကောင်းမွန်မှာ ဖြစ်တဲ့အတွက် ဒါ ကျောက်ချောလမ်းအဖြစ် ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်မှာ ဖြည့်စွက်ရန်ပုံငွေထဲက

နေပြီးတော့ ကျွန်တော်တို့ ရရှိခဲ့တာဖြစ်ပါတယ်။ ရရှိတဲ့လုပ်ငန်းကိုလည်း သက်ဆိုင်ရာ ရွှေလွင်လွင် ကုမ္ပဏီက ဆောင်ရွက်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းမကြီးဟာ အဲဒီဒေသခံ ပြည်သူတွေရဲ့ အသည်းနှလုံးဆိုလည်း မမှားပါဘူး။ သူတို့ကိုယ်တိုင် စပြီးတော့ ဦးဆောင် ဆောင်ရွက်ခဲ့တဲ့ လမ်းကြီးပဲ ဖြစ်ပါတယ်။ ယခုလည်းပဲ လွှတ်တော်ရဲ့ဆောင်ရွက်ချက်ကြောင့် အဲဒီလမ်းမကြီးကို ကျောက်ချော လမ်းမကြီးအဖြစ် ထပ်မံခင်းခွင့်ရလို့ ပြည်သူတွေဝမ်းသာနေတုန်းမှာပဲ ဒီကုမ္ပဏီရဲ့ ဆောင်ရွက်ချက်ဟာ အထက်က လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြသွားသလိုပဲ ဒါ နည်းနည်း ရုပ်ဆိုးလွန်းတဲ့ အခြေအနေလေးတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ပြည်သူ့ငွေစာရင်းကော်မတီကို တိုင်ကြားစာ မပို့ခင်က ကုမ္ပဏီဟာ လုပ်ငန်းများကို မနိုင်မနင်းဖြစ်တာရယ်၊ ကျွမ်းကျင်တဲ့ ဝန်ထမ်းတွေ မရှိတာရယ်၊ စက်ယန္တရားတွေ မလုံလောက်တာရယ်၊ ဦးစီးကွပ်ကဲတဲ့ သူတွေရဲ့ ကျွန်တော်တို့ ဒေသကို လေ့လာတွေ့ရှိချက်တွေအရတော့ ငွေကြေးအလွဲသုံးစားပြုပြီးတော့ အချိန်မီ မပြီးတာတွေ ရှိပါတယ်။

ဒါကြောင့်မို့လို့ ဒေသခံပြည်သူတွေဟာ နဂိုကတော့ ကိုယ့်အားကိုယ်ကိုးဖောက်လုပ်တုန်းကတော့ သွားလို့လာလို့ ရနေပါသေးတယ်။ ယခု ကုမ္ပဏီက လာပြင်တော့မှပဲ သတ်မှတ်အချိန်အတွင်းမှာ မပြီးဘူး။ ကျောက်တွေကလည်း ချချင်တဲ့ နေရာမှာချတယ်။ မြေကြီးတွေကလည်း ပုံချင်တဲ့ နေရာမှာ ပုံတယ်။ ဒါကြောင့် သွားလို့လာလို့ မရတဲ့ အခြေအနေလေးတွေ ပေါ်ပေါက်လာပါတယ်။ ဒီအချိန်မှာပဲ ကျွန်တော်တို့ ရာသီဥတုကလည်း မိုးရာသီဝင်သွားတဲ့အတွက် လမ်းပိုင်းတွေဟာ ပိုပြီးတော့ ဆိုးသွားပါတယ်။ ဒ့ါကြောင့် ပြည်သူတွေဟာ သွားလို့လည်း မရဘူး။ ကုမ္ပဏီလုပ်ငန်းတွေကလည်း ရပ်ဆိုင်းသွားတော့ အခက်တွေ့ရာကနေပြီးတော့ သက်ဆိုင်ရာ ဆရာကြီး ဦးပေါ်လျှံလွင် တင်ပြသွားသလိုပဲ အဆင့်ဆင့်ကို တင်ပြပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး တိုင်းဝန်ကြီးချုပ်ထံလည်း တင်ပြပါတယ်။ တိုင်းဝန်ကြီးချုပ်ကလည်း ကွင်းဆင်းကြည့်ပြီး သတ်မှတ်ရက်အတွင်းပြီးအောင် တိုက်တွန်းခဲ့ပါတယ်။ သို့သော်လည်းပဲ ကုမ္ပဏီက အလေးထားခဲ့ခြင်း မရှိတာကို တွေ့ခဲ့ရပါတယ်။

ဒါကြောင့် ဆက်လက်ပြီး ပြည်သူတွေကနေပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီထံ ဆက်လက်တင်ပြ တိုင်ကြားခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်ချက်နဲ့ အညီ သက်ဆိုင်ရာ တာဝန်ရှိသူများနဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း သတ်မှတ်ရက်အတွင်းမှာ ပြီးဆုံးခြင်း မရှိသေးတာကို တွေ့ရပါတယ်။ ဒီအချိန်ကာလမှာလည်း ကျွန်တော်လည်း ဒေသကိုပြန်ရင်း ကိုယ်တိုင်မျက်မြင်တွေ့ရှိခဲ့ရတာတွေကို ကျွန်တော် Slide များနဲ့ တင်ပြသွားဖို့ ရှိပါတယ်။ ဒီ Slide-1 ကတော့ ကျွန်တော်တို့ ဒီကုမ္ပဏီက သတ်မှတ်ထားတဲ့ ဒီ စက်တင်ဘာလကုန်ပိုင်းမှာ ပြီးရမယ့် အခြေအနေလေးတွေပါ။ သို့သော်လည်းပဲ ဒါ ကျွန်တော် စက်တင်ဘာလကုန်ပိုင်းမှာ ရောက်တဲ့အချိန်တုန်းက သတ်မှတ်ရက်ကုန်ခါနီးမှာ ကျွန်တော်တို့ ရောက်သွားတဲ့ပုံပါ။ ဒီအခြေအနေပဲ ရှိနေပါသေးတယ်။ ဒီနေရာမှာ အစပိုင်း(၂)မိုင်ကတော့ စံချိန်စံညွှန်းမီစွာနဲ့ ခင်းထားပြီးတော့ (၂)မိုင်အထက်ကတော့ Slide-2 ပါခင်ဗျား။ ဒါ Slide-2 ၊ နောက် Slide-3 ဒါကျွန်တော်တို့ နတ္တလင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရယ်၊ ကျွန်တော်ရယ်၊ အဲဒီဒေသကို အရောက်သွားပြီးတော့ ပုံမှာပါတဲ့အတိုင်း ကျွန်တော်တို့ သွားလာလို့ မရပါဘူး။ ကျွန်တော်ရယ်၊ နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော် နဲ့ ကျွန်တော်တို့ (၃)ယောက်

သွားခဲ့တဲ့နေရာပါ။ ဒါ (၂)မိုင်ကျော်ကျော်ကနေပြီးတော့ လမ်းတစ်ဝက်လောက်မှာ ကျွန်တော်တို့ ဒီလို အခြေအနေ ဖြစ်ပြီးတော့ ကျွန်တော်တို့ ကားတွေတောင် သွားလို့မရဘဲနဲ့ လမ်းတစ်ဝက်မှာ ပြန်လှည့် လာခဲ့တဲ့ အခြေအနေလေး ဖြစ်ပါတယ်။ Slide-4 ပါ။ ဒီလို အခြေအနေလေးတွေရှိပါတယ်။ နောက် Slide-5 ပါခင်ဗျ။ ဒါ ကျွန်တော်တို့ သွားခဲ့ရတဲ့နေရာမှာ စက်ဘီးတောင်မှပဲ စီးလို့မရတဲ့ အခြေအနေ လေးတွေ ရှိခဲ့တာကို တွေ့ရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အောက်တိုဘာ လဆန်းပိုင်းမှာလည်း ကျွန်တော် အခြေအနေအရ ဒေသကို ပြန်တဲ့အခါ ဒီလမ်းကို ထပ်မံပြီးတော့ ဝင်ရောက်လေ့လာတဲ့ အခါမှာလည်းပဲ ဒီထက် နည်းနည်းလေးပဲ ကျွန်တော်တို့ ကောင်းပြီး၊ အဲဒီနေရာ လောက်ကပဲ ကျွန်တော် ပြန်လှည့်ရတဲ့ အခြေအနေလေးတွေမှာ သွားတွေ့ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာမှာပါတဲ့အတိုင်း ကုမ္ပဏီက လုပ်ငန်း (၁၁)ခုထဲက ဆက်လက်တင်ပြရရင် Slide-6 ပါ။ ဒါ လုပ်ငန်း(၁၁)ခုထဲက ကျွန်တော်တို့ ပေါင်းတည် မြို့နယ်ရဲ့ သဖန်းကုန်းလမ်းပဲ ဖြစ်ပါတယ်။ ဒီလမ်းကပဲ ကျွန်တော်တို့ လုပ်ငန်း(၁၁)ခုထဲမှာ ကတ္တရာ လမ်းကျတာ၊ ကတ္တရာလမ်းကျတဲ့အထဲမှာ ဒါ ဒီအတိုင်းပါပဲ။ ကျွန်တော်တို့ ပြီးတဲ့နေရာက ပြီးတယ်။ မပြီးတဲ့နေရာက မပြီးဘဲနဲ့ ဒီလိုကျန်ပါတယ်။ Slide-7 ပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ပေါင်းတည် မြို့နယ်ရဲ့ လက်ရှိအခြေအနေဖြစ်ပါတယ်။ ဒါလေးလည်း ကျွန်တော်တို့ သွားရောက်လေ့လာတဲ့အခါမှာ ကုမ္ပဏီက နည်းနည်းသိရှိပြီးမှ လုပ်ငန်းလေးတွေ နည်းနည်းတိုးလုပ်တဲ့ အခြေအနေလေးတွေ ရှိပါတယ်။ ဒီလမ်းကလည်းပဲ ကတ္တရာခင်းခြင်း လုပ်ငန်းဖြစ်ပါတယ်။ သို့သော်လည်းပဲ မပြီးတဲ့ အခြေအနေလေးမှာရှိတဲ့အတွက် ကျွန်တော်တို့ ဒီဒေသခံပြည်သူတွေကလည်းပဲ နိုင်ငံတော် သမ္မတကြီးထံ ထပ်မံတိုင်ကြားထားတယ်လို့လည်း ကျွန်တော်လေ့လာသိရှိခဲ့ရပါတယ်။ အဲဒီကတ္တရာ ခင်းခြင်းလုပ်ငန်းမှာလည်း ကျွန်တော်တို့ ဆပ်ကန်ထရိုက်တွေ ဆက်လက်ပြီးတော့ ခွဲဝေပေးထားတာ ဖြစ်ပါတယ်။ တချို့ ဆပ်ကန်ထရိုက်တွေက ပြီးတဲ့နေရာမှာ ပြီးပြီးတော့ ဒီလိုမျိုးနေရာမှာကျတဲ့ လမ်းပိုင်းမှာကျတဲ့ ဆပ်ကန်ထရိုက်က ဒီအတိုင်းပဲ ကျွန်တော်တို့ ဆက်ပြီးတော့ထားတဲ့ အခြေအနေ လေးတွေဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော် Slide-8 ပါခင်ဗျား။ ဒီလုပ်ငန်း(၁၁)ခု ထဲက Slide-8 ဖြစ်ပါတယ်။ ဒီ လုပ်ငန်း(၁၁)ခုထဲက ကျွန်တော်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဒါ မင်းလှမြို့နယ်က တောင်ကျချောင်းတံတားလည်း ပါပါတယ်ခင်ဗျား။ ဒီတံတားကိုလည်းပဲ တင်ပြပါ Slide-8 အတိုင်း ကျွန်တော်တို့ အပြီးသတ် တံတားကိုတော့ ဆောက်လုပ်ပြီးသော်လည်းပဲ တင်ပြပါအတိုင်း ကျွန်တော်တို့ ချဉ်းကပ်လမ်းက မပြီးတဲ့ အခြေအနေတွေပေါ်မှာ ကျွန်တော်တို့ အဲဒီအပေါ်က ဖြတ်သန်းသွားလာလို့ မရတဲ့အခြေအနေတွေ ရှိနေပါသေးတယ်။ ဒါ ကျွန်တော်ရောက်ရှိခဲ့တဲ့ အခြေအနေလေးတွေပါ။ နောက် Slide-9 ပါခင်ဗျား။ Slide-9 ကလည်း ကျွန်တော်တို့ အဝေးကနေ လှမ်းမြင်ရတဲ့ ပုံပါ။ အဲဒီလိုပဲ ကျွန်တော်တို့ ဒီ တံတားကတော့ ပြီးနေပါတယ်။ ချဉ်းကပ်လမ်းကတော့ မပြီးဘူး။ ခုတော့ ကျွန်တော်တို့ မွေး/ရေ၊ ကျေးလက်ဝန်ကြီး လမ်းကြောင်း အဲဒီဘက်ရောက်တဲ့အချိန်မှာ ဒါလေးကို ထပ်မံပြီးတော့ ဖြည့်စွက်ဆောင်ရွက်ဖို့ဆိုပြီး သူလည်း တွန်းအားပေးသွားတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ Slide-10 ပါခင်ဗျား။ Slide-10 ကတော့ ကျွန်တော် ရောက်ရှိခဲ့တဲ့အချိန်မှာပဲ ဟိုဘက်က တံတားတော့ ပြီးနေတယ်။ ဒီဘက်က ချဉ်းကပ်လမ်း မပြီးတဲ့အခါကျတော့ ကျွန်တော်တို့ ညာဘက်အစွန်မှာ လူရပ်နေတဲ့ ဒီဝါးတံတားလေးကလည်း ဒေသခံပြည်သူတွေက ထိုးပြီး၊ အဲဒီအပေါ်မှာမော်တော်ဆိုင်ကယ် (၁)စီးကို ကျွန်တော်တို့ (၁၀၀)နှုန်းနဲ့ ဖြတ်နေရတဲ့ အခြေအနေလေးတွေ ဖြစ်ပါတယ်ဆိုတာကို

ကျွန်တော် တင်ပြအပ်ပါတယ်။ ဒါတော့ ကျွန်တော် ရောက်ရှိခဲ့တဲ့အချိန်လေးမှာ ဟို ကျွန်တော်တို့ လေ့လာတွေ့ရှိခဲ့တဲ့ အခြေအနေလေးကို တင်ပြအပ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးသိန်းဝင်း က စာရင်းသမားပီပီ နိုင်ငံတော်မှ ချမှတ်ပေးထားတဲ့ ရန်ပုံငွေအပေါ်မှ စနစ်တကျ သုံးစွဲနိုင်အောင် ထောက်ခံတင်ပြသွားတာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း အထက်မှာ တင်ပြသလို ရတဲ့အချိန်ကာလအတွင်းမှာ ဒီလုပ်ငန်းခွင်များအရောက် သွားရောက်လေ့လာပြီးတော့ အပြုသဘောဆောင်တဲ့ အကြံပြုချက်များကို တင်ပြရခြင်းသာ ဖြစ်ပါတယ်။ လုပ်ငန်းအဆင့်ဆင့်မှာ ယခုလို ဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကုမ္ပဏီအနေနဲ့ ခေတ်ပြောင်းနေပြီဆိုတာ မသိတာလား၊ မေ့နေတာလားဆိုတာ ကျွန်တော်တို့ စဉ်းစားစရာဖြစ်နေပါတယ်။ အစီရင်ခံစာမှာ ပါတဲ့အတိုင်း လုပ်ငန်းစဉ် အဆင့်ဆင့်ပြီးမှ ငွေထုတ်ပေးတာ ဖြစ်ပါတယ်။ ကော်မတီဝင် ကျွန်တော့်အနေနဲ့လည်း လေ့လာမိသလောက် တင်ပြရရင် လုပ်ငန်းစဉ်များ အမှန်တကယ်မပြီးပြတ်ဘဲနဲ့ ငွေထုတ်ပေးနိုင်တဲ့ စစ်ဆေးမှုတွေ တင်ပြထားတယ်လို့လည်း တွေ့ရပါတယ်။ ငွေထုတ်ခွင့်ပေးလိုက်တဲ့ အဆင့်ဆင့်သော ဝန်ကြီးဌာနကတာဝန်ရှိသူတွေ၊ အဆင့်ဆင့်သော ပုဂ္ဂိုလ်များရဲ့ အားနည်းချက်လို့လည်း ထင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အဆိုရှင်ကလည်း ကျွန်တော်တို့ အစီရင်ခံစာရဲ့ စာမျက်နှာ(၉) ဝန်ကြီးဌာနစီမံခန့်ခွဲမှုအပိုင်းမှာလည်း အသေးစိတ်တင်ပြထားတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ယခုလို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ အမြောက်အမြားနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်နေရဦးမှာဖြစ်လို့ ဒီလိုကုမ္ပဏီမျိုးကို နောက်နောင် ထပ်မံပြီးတော့ လုပ်ငန်းတွေချထားပေးဖို့ မပြုလုပ်ပါရန်နှင့် ယခုနှစ် ရန်ပုံငွေများကိုလည်းပဲ ဆက်လက်သုံးစွဲကြမယ့် လုပ်ငန်းတွေမှာ ဒီလုပ်ငန်းတွေဖြစ်တဲ့ လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စတဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေကို မှန်မှန်ကန်ကန်ဖြစ်စေနိုင်တဲ့၊ ပုဂ္ဂိုလ်ရေးကို ရှေ့တန်းမတင်တဲ့ တိုင်းပြည်အကျိုးအတွက်ကို ကျွန်တော်တို့ အကျိုးအမြတ်ကလည်း ရတော့ ရရမှာပါ။ အကျိုးအမြတ် နည်းနည်းပဲ ကြည့်တတ်တဲ့ ဒီ စွမ်းအားပြည့်နိုင်တဲ့ စက်ယန္တရားအာမခံချက် အစရှိသည်ဖြင့် ဒီလုပ်ငန်းတစ်ခုအတွက် ပြီးပြည့်စုံနိုင်တဲ့ အာမခံချက်ရှိတဲ့ ကျွန်တော်တို့ လုပ်ငန်းရှင်တွေကိုပဲ တင်ဒါစနစ်မှာ ပေးပေးဖို့ တင်ပြလိုပါတယ်။

အလားတူပဲ တင်ဒါစနစ်ဆိုတဲ့နေရာမှာလည်း ကျွန်တော်တို့ စာရွက်ပေါ်က အာမခံချက်တွေ၊ စာရွက်ပေါ်မှာပါတဲ့ စက်ပစ္စည်းတွေ၊ လူအင်အားတွေ၊ ငွေကြေးတွေ ဒါတွေကိုပဲ ကျွန်တော်တို့ ကြည့်ပြီးတော့ ပေးမယ်ဆိုရင်တော့ ဒီအခြေအနေမျိုးတွေဟာ ဆက်လက်ပေါ်ပေါက်ဦးမှာဖြစ်တဲ့ အတွက် ကျွန်တော့်အနေနဲ့ ဒါလေးတွေကို ထောက်ပြတင်ပြရင်းနဲ့ အဆိုရှင် ဦးသိန်းဝင်း ရဲ့ အဆိုကို လေးစားစွာ ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းဝင်း တင်သွင်းတဲ့ အဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ ၁၃၉(င)အရ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က (၂၁)ရက်အတွင်း ပြန်လည်ဖြေရှင်းဆွေးနွေးနိုင်တဲ့အတွက် အဆို တင်သွင်းတဲ့နေ့မပါ (၂၁)ရက် စောင့်ဆိုင်းပြီးမှသာ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်းပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာပုံဖော်မည့် အစီအစဉ် (Realistic Scenario)ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ကို ဆက်လက်ဆောင်ရွက်ပါ့မယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားတဲ့ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်းပြည့်ဝသော နည်းပညာ ကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်မည့် အစီအစဉ် (Realistic Scenario) ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၆)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၉-၁၀-၂၀၁၃ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် တင်သွင်းခဲ့တဲ့ အဆိုဖြစ်သော အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်းပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေးအတွက် လက်တွေ့ကျစွာ ပုံဖော်မည့်အစီအစဉ် (Realistic Scenario) အင်ဂျင်နီယာနည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းခဲ့တဲ့ အဆိုဟာ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်အတွက် အရေးကြီးတဲ့ အဆိုတစ်ခုဖြစ်ကြောင်း ထောက်ခံဆွေးနွေးလိုပါတယ်။ ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ကူးပြောင်းကာစ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ရာ များစွာအရေးကြီးပါတယ်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလို့ရှိရင် အင်ဂျင်နီယာများ အရည်အသွေးမြင့်မားလာဖို့ လိုအပ်

တာဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ရှိနေတာ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ကမ္ဘာပေါ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေ အထူးသဖြင့် ကျွန်တော်တို့ အာရှတိုက်မှာပဲ ကျွန်တော်တို့ အနီးစပ်ဆုံး ကြည့်ရင် ကိုရီးယားတို့၊ ဂျပန်တို့ဆိုတဲ့ နိုင်ငံတွေ နောက် မလေးရှားတို့၊ အင်ဒိုနီးရှားတို့ ယနေ့ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေဟာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ စီးပွားရေး တိုးတက်လာတဲ့ နိုင်ငံတွေဖြစ်ကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အင်ဂျင်နီယာတွေ အဆင့်အတန်းမြင့်ဖို့ဆိုတာ လိုပါတယ်။ တစ်ချိန်တုန်းကတော့ ကျွန်တော်တို့နိုင်ငံက ဒီနိုင်ငံတွေထက် နောက်မကျခဲ့ပါဘူး။ ဒီနိုင်ငံတွေထက် သာတယ်ဆိုတဲ့ အနေအထားမှာ ရှိခဲ့ပါတယ်။ သို့သော် ဒီနေ့အခြေအနေ ကျွန်တော်တို့နိုင်ငံဟာ အတိုင်းအတာတစ်ခုလောက်အထိ နောက်ကျကျန်နေခဲ့တယ်ဆိုတာ ဝန်မခံလို့ မရပါဘူးခင်ဗျား။ အမှန်တရားဆိုတာကိုလည်း ဝန်ခံရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အင်ဂျင်နီယာနည်းပညာဆိုင်ရာ ပညာရေးစနစ်အကြောင်းကို စိစစ်သုံးသပ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ အင်ဂျင်နီယာနည်းပညာဆိုင်ရာစနစ်အကြောင်း သုံးသပ်မတင်ပြမီ ကျွန်တော့်အနေနဲ့ အနည်းငယ် စကားချပ်လေး တင်သွင်းလိုပါတယ်။ ဦးမျိုးမြင့် က ဒီအဆိုကို (၉)ရက်၊ (၁၀)လနေ့မှာ တင်သွင်းခဲ့ပါတယ်။ အဲဒီတင်သွင်းခဲ့တဲ့အဆိုဟာ (၁၀)ရက်နေ့ သတင်းစာနဲ့ ဂျာနယ်တော်တော်များများမှာ ပါပါတယ်။ အဲဒီ (၁၀)ရက်နေ့မှာ ရန်ကုန်မှာ ကျွန်တော့်မိခင်ဌာနဖြစ်တဲ့ ရေအရင်းအမြစ်က ကမ္ဘာ့ဘဏ်နဲ့ပူးပေါင်းပြီးတော့ Work Shop တစ်ခုလုပ်တဲ့အတွက် ကျွန်တော်တက်ရောက်ခဲ့ပါတယ်။ အဲဒီတက်ရောက်ခဲ့တဲ့ အစည်းအဝေးမှာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကရော၊ နောက် ကျွန်တော်တို့ ရန်ကုန်စက်မှုတက္ကသိုလ်နဲ့ မန္တလေးစက်မှုတက္ကသိုလ်က အငြိမ်းစားပါမောက္ခများလည်း တော်တော်များများ တက်ရောက်ကြပါတယ်။ တက်ရောက်ကြတဲ့အခါကျ သူတို့တွေက ဦးမျိုးမြင့် ရဲ့ အဆိုအပေါ်မှာ အလွန်ပဲ စိတ်ဝင်တစား ဆွေးနွေးကြပါတယ်။ အဲဒီဆွေးနွေးရင်းနဲ့ ကျွန်တော်နဲ့ စကားစပ်ပြောရင်းနဲ့ ကျွန်တော်လည်း ဦးမျိုးမြင့် အဆိုကို ဆွေးနွေးဖို့ စာရင်းပေးထားတဲ့အကြောင်း ပြောရင်းနဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ဥက္ကဋ္ဌတွေ၊ ဒုဥက္ကဋ္ဌတွေနဲ့ အင်ဂျင်နီယာ တော်တော်များများက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကနေ ဒီအင်ဂျင်နီယာတွေရဲ့ အရည်အသွေး ကျဆင်းလာတာနဲ့ ပတ်သက်ပြီးတော့ သူတို့ စာတမ်းလေး ပြုစုထားတာ ရှိပါတယ်။ ဒီ စာတမ်းလေးကိုလည်း ကျွန်တော့်ကို ပေးပါတယ်။ သူတို့အနေနဲ့ မလွယ်လို့ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ သိရှိရန်အတွက် ကျွန်တော့်ကိုလည်း ဒီ သူတို့ ပြုစုထားတာလေးကို တင်ပြပေးပါဆိုပြီး အဆိုပြုပေးတော့ ကျွန်တော်လည်း တာဝန်ခံပြီးတော့ ယူလာပါတယ်ခင်ဗျား။

Slide (၂) တစ်ချက်လောက်။ အဲဒီနေရာမှာ ကျွန်တော် အကျဉ်းချုံးပြီးတော့ သူတို့ပေးခဲ့တာကိုတော့ ပေးတဲ့အတိုင်း ကျွန်တော် မတင်ပြပါဘူးခင်ဗျား။ အချိန်အများကြီးကုန်မှာမို့လို့၊ အဲဒီနေရာမှာ ကျွန်တော် အကျဉ်းချုံးပြီးတော့ပဲ ကျွန်တော်တင်ပြပါမယ်။ ကျွန်တော် အင်ဂျင်နီယာနဲ့ နည်းပညာဆိုင်ရာ ပညာရေးစနစ်၊ အဲဒီမှာ အပိုင်း(၂)ပိုင်းမှာ နံပါတ်(က)က တည်ငြိမ်မှုမရှိသော အင်ဂျင်နီယာနည်းပညာ ပညာရေးဆိုင်ရာစနစ် အကြောင်းတစ်ခု ဖြစ်ပါတယ်။ အပိုင်း(ခ)က

သင့်တော်သော ပညာရေးစနစ်တစ်ခု ရှာဖွေခြင်းဆိုပြီးတော့ ကျွန်တော်အတိုချုပ်ပြီး ဒီ အပိုင်း(၂)ပိုင်းကို တင်ပြပါ့မယ်။ အဲဒီ (က)(၁)မှာ ပထမ ကျွန်တော်တင်ပြချင်တာ ၁၉၉၇ ခုနှစ်မတိုင်မီ ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အင်ဂျင်နီယာပညာရေးစနစ်အကြောင်း ဖြစ်ပါတယ်။ Slide နံပါတ်(၃) အဲဒီမှာ သူ Flow Chart ကလေးနဲ့ ဆွဲထားပါတယ်ခင်ဗျား။ ၁၉၉၇ ခုနှစ် မတိုင်မီအထိ အင်ဂျင်နီယာ ပညာရေးစနစ်က ပညာရေးဝန်ကြီးဌာနအောက်မှာ ရှိပါတယ်။ စနစ်ကျတဲ့ ပညာရေးစနစ်တစ်ခု ရှိပါတယ်။ (၁၀)တန်းအောင်လို့ရှိရင် အင်ဂျင်နီယာလုပ်ချင်တယ်ဆိုလို့ရှိရင် B.E (၆)နှစ်သင်တန်းကို တက်ရပါတယ်။ (၁၀)တန်းအောင်ပြန်တဲ့အခါ အမှတ်နည်းတဲ့သူတွေ တချို့ကျတော့လည်း အမှတ်များသော်၊ စာတော်သော်လည်း ငွေကြေးချို့တဲ့တော့ ဒီ AGTI ကို တက်တာ လွယ်ပါတယ်။ ဒီ AGTI (Stipend) လေးရတော့ (၃)နှစ်လည်း (၃)နှစ်ပြည့်တော့ ဆူလွယ်နှပ်လွယ် တက်ရတာဖြစ်ပါတယ်။ အင်ဂျင်နီယာဖြစ်ချင်လို့ရှိရင် နှစ်လိုင်း ရှိပါတယ်။ AGTI ရယ်၊ နောက် အဲဒီတုန်းက စက်မှုတက္ကသိုလ် (၂)ခုရှိပါတယ်။ YIT နဲ့ MIT အဲဒီတော့ AGTI အောင်သွားလို့ ရှိရင် Engineering Technician အဖြစ်နဲ့ ကျွန်တော်တို့ ဌာနတွေမှာ S.A.E အဆင့်နဲ့ (၃)နှစ်လောက် လုပ်ကြပါတယ်။ အဲဒီအထဲက စာတော်တဲ့ လူနည်းစုကိုသာ ချီးမြှောက်တဲ့အနေနဲ့ အဲဒီမှာ ဆယ်ဂဏန်းလောက်ပဲ ကျွန်တော်တို့ AGTI ကနေ B.E ကူးခွင့်ရပါတယ်။ အဲဒီလူတွေက သူတို့ ကူးခွင့်ရတဲ့အခါမှာ သူက ပထမ(၁)နှစ်မှာ တိုက်ရိုက် B.E စက်မှုတက္ကသိုလ် Third Year တက်လို့ မရသေးပါဘူး။ အကြိုသင်တန်း တစ်နှစ်တက်ပြီးတော့မှ နောက် စတုတ္ထနှစ်၊ ပဉ္စမနှစ်၊ ဆဋ္ဌမ နှစ်ကျမှ ကျန်တဲ့ B.E သင်တန်းနဲ့အတူ ဆက်တက်လို့ရပါတယ်။ အဲဒီအချိန်တုန်းက YIT ရန်ကုန် စက်မှုတက္ကသိုလ်နဲ့ မန္တလေးစက်မှုတက္ကသိုလ်တို့က B.E ပေးပါတယ်။ M.E ပေးပါတယ်။ B.E (၆)နှစ် တက်ပြီးလို့ရှိရင် (၂)နှစ် M.E ကို စာတွေ့တက်ရပါတယ်။ အချိန်ပြည့် တက်ပြီးတော့မှ (၅)နှစ် အတွင်းမှာ နောက်ထပ် (၃)နှစ်ပေါ့၊ (၅)နှစ်အတွင်းမှာ ကျွန်တော်တို့ Thesis တင်ပြီးတော့မှ M.E ဘွဲ့ ပေးပါတယ်။ ဒါက အရင် ၁၉၉၇ ခုနှစ်၊ ပညာရေးဝန်ကြီးဌာနအောက်မှာ ရှိတုန်းကစနစ် ဖြစ်ပါတယ်။ ဒီစနစ်ကတော့ ကျွန်တော်တို့ B.Tech လည်း မရှိပါဘူး။ B.E နဲ့ AGTI ဒီပလိုမာကြားမှာ၊ ရှင်းရှင်းလင်းလင်းနဲ့ အလွန်ကောင်းမွန်တဲ့ ပညာရေးစနစ်တစ်ခုဖြစ်ကြောင်း တင်ပြလို ပါတယ်ခင်ဗျား။

Slide-4 ပါ။ ဒုတိယက ၁၉၉၆ ခုနှစ်မှာ သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာန ဖွဲ့ပါတယ်။ ၁၉၉၇ နောက်ပိုင်းမှာ ကျွန်တော်တို့ ဒီ အားလုံးက သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနအောက် ရောက်သွားပါတယ်။ ပြောရင် တင်ပြထားတဲ့ ၂၀၀၀ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ အင်ဂျင်နီယာပညာရေးစနစ် အကြောင်းပါ။ အဲဒီတုန်းကတော့ (၁၀)တန်းအောင်လို့ရှိရင် ကျွန်တော်တို့လိုင်းခွဲက ဒီလိုပဲ တက်သွားပါတယ်။ အဲဒီအချိန်မှာ မန္တလေးစက်မှုတက္ကသိုလ်၊ ရန်ကုန် စက်မှုတက္ကသိုလ်တွေမှာ ပုံမှန် B.E(၆)နှစ် သင်တန်းတွေ မရှိတော့ပါဘူး။ မန္တလေးစက်မှုတက္ကသိုလ်မှာတော့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန မွေးတဲ့ ဆရာဖြစ်သင် B.E ဘွဲ့သင်တန်းကို မန္တလေးမှာ ပေးပါတယ်။ YTU မှာတော့ ကျွန်တော်တို့ ရန်ကုန်စက်မှုတက္ကသိုလ်မှာတော့ B.E ဘွဲ့သင်တန်း ဘာမှမရှိတော့ပါဘူး။ နောက်တစ်ခုက အင်ဂျင်နီယာဖြစ်ဖို့ လှေကားထစ်ပုံစံ အဆင့်သုံးဆင့်ကို ဖြတ်ကျော်ရပါတယ်။ ပထမ AGTI (၂)နှစ်၊ နောက် B.Tech (၂)နှစ်၊ နောက် B.E (၁)နှစ်၊ (၅)နှစ်ရှိလို့ရှိရင် B.E ရသွားပါတယ်။ အရင်တုန်းက (၆)နှစ်ကို (၁)နှစ်လျှော့ပြီး (၅)နှစ်နဲ့ပဲ B.E ဘွဲ့ကိုပေးပါတယ်။ ပြောရရင်တော့ ဒီစနစ်က နိုင်ငံတကာမှာ ဘယ်နိုင်ငံမှ မကျင့်သုံးတဲ့စနစ် ဖြစ်ပါတယ်။ နောက် Technician သင်ရိုးနဲ့ အင်ဂျင်နီယာသင်ရိုး

ရောထွေးနေပါတယ်။ ကျွန်တော်တို့က AGTI ကို Technician လို့ ခေါ်ပါတယ်။ B.E ဘွဲ့ရတဲ့သူကို အင်ဂျင်နီယာလို့ ခေါ်ပါတယ်။ Technician သင်ရိုးနဲ့ အင်ဂျင်နီယာသင်ရိုး ရောထွေးနေလို့ ပီပြင်တဲ့ အင်ဂျင်နီယာနဲ့ Technician များ မွေးမထုတ်နိုင်ပါဘူး။ အနီးစပ်ဆုံး ဥပမာပြရရင် ကျွန်တော်တို့ ကျန်းမာရေး ဝန်ကြီးဌာနဆိုရင် သူနာပြုသင်တန်း (၂)နှစ်တက်၊ ကျန်းမာရေးမှူးသင်တန်း (၂)နှစ် တက်ပြီး လို့ရှိရင် နောက် ကျန်တဲ့(၃)နှစ်ကို ဆရာဝန် သင်တန်းတက်ပြီးလို့ ဆရာဝန်ဘွဲ့ ပေးလို့ရှိရင် ကျွမ်းကျင်တဲ့ ဆရာဝန်တွေ ဖြစ်မလာနိုင်သကဲ့သို့ပဲ ယခု AGTI (B.Tech, B.E) ဆိုတဲ့ဟာက ကျွမ်းကျင်တဲ့ အင်ဂျင်နီယာ မဖြစ်နိုင်တဲ့ စနစ်တစ်ခုပါပဲ။

နောက်တစ်ခုက Technician သင်ရိုး (၂)နှစ်က AGTI (၂)နှစ်လုပ်တဲ့အတွက် သင်ရိုး (၂)နှစ်က အလွန်နည်းပါတယ်။ ယခင်က AGTI သင်ရိုး (၃)နှစ် ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ အနီးစပ်ဆုံး စင်ကာပူက Polytechnic က (၃)နှစ် ဖြစ်ပါတယ်။ အရင်တုန်းက ကျွန်တော်တို့ AGTI နဲ့ Level ဖြစ်ပါတယ်။ အခု နောက်ပိုင်း ကျွန်တော်တို့ AGTI (၂)နှစ်ဆိုတော့ ကျွန်တော်တို့ဆီက နည်းနည်းလေး ကျသွားတဲ့သဘော ရှိပါတယ်ခင်ဗျား။ နောက် ဝင်ခွင့်အတွက် သတ်မှတ်တဲ့ အခါတုန်းက ဟိုတုန်းကတော့ ပညာရေးဝန်ကြီးဌာနအောက်ရှိတုန်းက ရန်ကုန်စက်မှုတက္ကသိုလ်၊ မန္တလေးစက်မှုတက္ကသိုလ် အမှတ်အလွန်ကောင်းတဲ့ လူတွေ ဝင်တာဖြစ်ပေမယ့် ဝင်ခွင့်ကို (၃၂၀)အထိ ကျွန်တော်တို့ AGTI ဝင်ခွင့် (၃၂၀)အထိကို သတ်မှတ်ထားတဲ့အတွက်ကြောင့် (၁၀)တန်း အောင်မှတ်က အလွန်နိမ့်နေပါတယ်။ ဝင်ခွင့်ပြုတဲ့ကျောင်းသားတွေ Level နိမ့်တဲ့အတွက် စာလျှော့ပြီး သင်ရပါတယ်။ မေးခွန်းကိုလည်း လျှော့ပြီးထုတ်ရပါတယ်။ အဲဒီထဲက ထူးချွန်တဲ့ အင်ဂျင်နီယာများ ဖြစ်ရန်၊ ထွက်ရန် မလွယ်ကူတာ ဖြစ်ပါတယ်။ သို့သော် အမှတ် (၃၂၀)နဲ့ ဝင်လာတဲ့ AGTI နဲ့ဝင်လာတဲ့ လူတွေ အားလုံး (၈၅)ရာခိုင်နှုန်းက B.E ဘွဲ့ ရတဲ့အထိ လျှော့ပေါ့ပြီး အအောင်ပေးခဲ့ရတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။ နောက်ထပ် ကျွန်တော်တို့ နည်းပညာတက္ကသိုလ်ကျောင်းများမှာလည်း B.E ဘွဲ့ကိုပင် ထိထိရောက်ရောက် သင်ပေးနိုင်စွမ်း မရှိတဲ့အချိန်မှာ M.E သင်တန်းကိုပါ တွဲဖက်ပြီး သင်ပေးတဲ့အခါကျတော့ ထွက်လာတဲ့ M.E တွေကလည်း အဆင့်မမီ ဖြစ်ရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ အဆင့်မမီတဲ့ M.E ဘွဲ့၊ B.E ဘွဲ့ ပိုင်ရှင်အများစုသာ မွေးထုတ်နိုင် ခဲ့ပြီး ပီပြင်သော Technician နဲ့ Technologists များ မွေးထုတ်မပေးနိုင်၍ မအောင်မြင်တဲ့ ပညာရေးစနစ် ဒီ ၂၀၀၀ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်ကြား ဖြစ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်ခင်ဗျား။ ၂၀၁၂ က ကျွန်တော်တို့ ခု အစိုးရသစ်လက်ထက်မှာ ဖြစ်ပါတယ်။ ၂၀၁၂ မှာ တစ်ခု အကောင်အထည် ဖော်ခဲ့ပါတယ် ၂၀၁၂ မှာ။ အဲဒီ ၂၀၁၂ ဖော်ခဲ့တဲ့ သူ့ရဲ့ Flow Chart အရ လေ့လာကြည့်ရှုတဲ့အခါ ကျတော့ ရန်ကုန်စက်မှုတက္ကသိုလ်၊ မန္တလေးစက်မှုတက္ကသိုလ်တွေက အဆိုရှင် ဦးမျိုးမြင့် ပြောသလို Centres of Excellence ဆိုပြီး သူတို့ကို ဒီတက္ကသိုလ်(၂)နှစ်ခု သတ်မှတ်လိုက်ပါတယ်။ ဒီ တက္ကသိုလ်(၂)ခုကို သတ်မှတ်တယ်။ အမှတ်အလွန်ကောင်းသူများကို တိုက်ရိုက်(၆)နှစ်သင်တန်း ဖွင့်လှစ်ပါတယ်။ အမှတ်ကိုလည်း အရင် (၃၂၀) မဟုတ်တော့ဘဲ (၄၅၀)နဲ့အထက် အမှတ်စာရင်းနဲ့ ရွေးပြီးတော့ (၆)နှစ်သင်တန်း လက်ခံခဲ့ပါတယ်။ AGTI ဒီပလိုမာ သင်တန်းများကို (၂)နှစ်ကနေပြီးတော့ (၃)နှစ်ကို ပြောင်းခဲ့ပါတယ် ၂၀၁၂ မှာ။ (၃)နှစ်ပြောင်းပြီး ဒီဟာလည်း ကျွန်တော် ခုန တင်ပြသလိုပဲ Singapore Polytechnic နဲ့ အပြိုင်ဖြစ်အောင် သဘောမျိုးနဲ့ ကိုယ့်ရဲ့ ပညာရေးအရှိန် မြှင့်ပြီးတော့

AGTI ဘက်မှာ Practical Exercise တွေ Practical များများပေးတဲ့ သင်ရိုးကို ပြောင်းလဲပြီးတော့ ရေးဆွဲခဲ့ပါတယ်။ AGTI သင်တန်းမှာ အတော်ဆုံးအချို့ကို ပြည်နယ်/တိုင်းများမှာ ရှိတဲ့ နည်းပညာ တက္ကသိုလ်ကျောင်းအချို့တွင်သာ ဖွင့်ပေးမယ့် B.E ပေါင်းကူး (၄)နှစ်သင်တန်း ဒါက နဂိုကတုန်းက ကျွန်တော်တို့ ၉၇ ခုနှစ် မတိုင်ခင်က လုပ်ခဲ့တဲ့အတိုင်းပဲ သူက (၄)နှစ် ဖြစ်သွားပါတယ်။ B.E ပေါင်းကူးကို (၄)နှစ်တက်ဖို့ဆိုပြီး ပေါင်းကူးတက်ခွင့်ပြုခဲ့ပါတယ်။ အဲဒီအချိန်မှာ B.Tech ဆိုတာ ကလည်း ခု နောက် ပေါ်လာတာ ရှိပါသေးတယ်။ B.Tech ကနေ B.E ကိုတော့ ဒီ ၂၀၁၂ ပညာရေး စနစ်မှာ ပေါင်းကူးခွင့်ကို ခွင့်မပြုပါဘူး။ B.E သင်ရိုးနဲ့နီးစပ်အောင် သင်ပေးရန်လည်း အချိန်နောက်ကျ သွားပြီ ဖြစ်တဲ့အတွက်ကြောင့် B.Tech သင်တန်းများ ဘွဲ့ရပြီး ကျောင်းဆက်တက်လိုက ပြည်နယ်/ တိုင်းမှာရှိတဲ့ နည်းပညာတက္ကသိုလ် ကျောင်းကြီးအချို့မှာတော့ M.Tech ဆိုပြီး ပေးပါတယ်။ ဒါကို သူက Senior Technologist ဆိုပြီးတော့ ကျွမ်းကျင်တဲ့ နည်းပညာရှင်များအတွက် ခွင့်ပြုပေးထား ပါတယ်။ အဲဒီအများစုရဲ့ (၇၀)ရာခိုင်နှုန်းက ကျွန်တော်တို့ Technician များ ဖြစ်လာပါတယ်။ အမှတ် အသင့်အတင့် ရရှိသူအချို့ (၂၅)ရာခိုင်နှုန်းကတော့ Technologist ကို Senior Technician တွေ ဖြစ်လာမှာ ဖြစ်ပါတယ်။ အတော်ဆုံး အနည်းငယ်သာ အင်ဂျင်နီယာ ဖြစ်လာပါမယ်။ စက်မှုနိုင်ငံ ထူထောင်ရန်လိုအပ်တဲ့ အချိုးအစားလည်းညီတဲ့ ၂၀၁၂ ပညာရေး အချိုးအစားနဲ့ညီတဲ့ ပညာရေး စနစ်တစ်ခုဖြစ်ကြောင်း တင်ပြလိုပါတယ်။ AGTI အောင်ပြီး B.E ပေါင်းကူး (၄)နှစ်သင်တန်းတက်ပြီးမှ B.E ဘွဲ့ရသဖြင့် တချို့ Centres of Excellence များမှာရှိတဲ့ B.E သင်ရိုးနဲ့ AGTI တော်တော်နီးစပ် အောင် ဆွဲညှိပြီးတော့ သင်ရိုးညွှန်းတမ်းများ ဖြစ်ပါတယ်။ အဲဒီလို လုပ်ခြင်းအားဖြင့် ပေမီဒေါက်မီ B.E များ ဖြစ်လာနိုင်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

အခု ကျွန်တော် ဒီ ၂၀၁၂ နဲ့ ၂၀၁၃ ကြားမှာကိုပဲ ကျွန်တော်တို့ မတည်ငြိမ်တဲ့ ပညာရေး စနစ် ၂၀၁၃ မှာကျတော့ ၂၀၁၂ နဲ့ မတူတော့ပါဘူးခင်ဗျ။ ပညာရေးစနစ် ပြောင်းလဲလိုက်ပါတယ်။ ပညာရေးစနစ် ပြောင်းလဲတာက သူက B.Tech ကနေ B.E ကို တိုက်ရိုက်တက်ရတယ်။ ပြီးရင် ၂၀၁၂ တုန်းက B.Tech ကနေပြီးတော့ B.E မဖြစ်နိုင်ပါဘူး။ B.Tech ဘွဲ့များကို Technologist ကျွမ်းကျင်သူ ပညာရှင် ပီပီပြင်ပြင်အဖြစ် မွေးထုတ်လိုပါက B.E သင်ရိုးနဲ့ ဆင်တူယိုးမှား ဆွဲ၍ မဖြစ်နိုင်ပါဘူး။ B.Tech သင်ရိုးဟာ AGTI Technician သင်ရိုး Acceptance ဖြစ်တာကြောင့် AGTI သင်ရိုး Acceptance ထည့်ထားတာ သဘာဝကျပါတယ်။ သီးခြားဆွဲပြီးတော့ B.Tech နဲ့ AGTI သီးခြား ဆွဲ၍ မဖြစ်ပါဘူး။ ပြောရရင်တော့ B.Tech က AGTI ရဲ့ Advance ဒီပလိုမာ သဘောမျိုးပဲ ဖြစ်သင့် ပါတယ်။ နောက် B.Tech ဘွဲ့ရပြီးတဲ့အခါ (၂)နှစ် ထပ်တက်ခြင်းအားဖြင့် Centres of Excellence များ၏ B.E (၆)နှစ် တိုက်ရိုက်သင်တန်းနဲ့ မည်သည့်နည်းမျှ မနီးစပ်နိုင်ပါ။ ပေမီဒေါက်မီ B.E ဖြစ်ရန်အတွက် ခက်ပါတယ်။ B.E အတွက် ကျွန်တော်တို့ ကူးပြောင်းကာလအချိန် အလွန်နည်းကြောင်း ဒီစနစ်မှာ ဒီ Flow Chat ကို ကြည့်ခြင်းအားဖြင့် သိရပါတယ်။ ရန်ကုန်စက်မှုတက္ကသိုလ်၊ မန္တလေးစက်မှုတက္ကသိုလ်များက ပေးထားတဲ့ ခုန Centres of Excellence က ပေးထားတဲ့ B.E ဘွဲ့နဲ့ နည်းပညာတက္ကသိုလ်များမှ ပေးတဲ့ B.E ဘွဲ့(၂)ခုကို အဆင့်အတန်း ညှိမယ်ဆိုရင်လည်း သင်ရိုးညွှန်းတမ်းများစွာ ကွာခြားနေကြောင်း သိရပါတယ်။ နိုင်ငံတကာမှ အသိအမှတ်ပြုရာမှာ အခက်အခဲ တွေ့ရမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံတည်းမှာရှိတဲ့ အစိုးရကျောင်းများ ပေးထားသော ဘွဲ့ချင်းအတူတူ အဆင့်ရော သင်ရိုးပါ တူညီဖို့ လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

နည်းပညာတက္ကသိုလ်တိုင်းမှာ B.E ဘွဲ့ပေးပါက အရည်အချင်းပြည့် ဆရာများလည်း လိုအပ်ပါတယ်။ B.E ဘွဲ့မှာ အင်ဂျင်နီယာပညာရေးစနစ်ကို မှတ်ကျောက်တင်သည့် ဘွဲ့ဖြစ်သဖြင့် အတွေ့အကြုံ နုသေးသော ဆရာများဖြင့် ကျောင်းတိုင်း တွင် ဖွင့်ခြင်းဖြင့် အရည်အသွေးထက် အရေအတွက်သာ ရပါမည်။

တင်ပြပါအတိုင်း B.E ဘွဲ့ အင်ဂျင်နီယာ အရည်အသွေးများဟာ AGTI ဒီပလိုမာရ Technician အရေအတွက်ထက်ပင် ပိုနေပါတယ်။ ဒါကလည်း ကျွန်တော်တို့ အင်ဂျင်နီယာ အချိုးအစား ပေါ့၊ Technician အချိုးညီမျှဖို့ လိုပါတယ်။ အခု ဒီ လက်ရှိအနေအထားအရဆိုရင် အင်ဂျင်နီယာရယ်၊ Senior Technologist ရယ်၊ Technician အချိုးက (၁)အချိုး(၃.၅)အချိုးနဲ့ (၀.၅)အချိုး ဖြစ်နေတယ်။ ဆိုလိုတာက အပေါ်ပိုင်းမှာ အင်ဂျင်နီယာ ဘွဲ့ရတွေ များပြီး အောက်ခြေမှာ တကယ် Practical လုပ်တဲ့ AGTI က မရှိဘူးဖြစ်နေတဲ့ ပညာရေးစနစ် ဖြစ်ပါတယ်။ သူတို့ စက်ရုံတွေ၊ အလုပ်ရုံတွေ လုပ်မယ်ဆိုရင် အချိုးက တကယ့်လက်တွေ့ လုပ်မယ့် AGTI ပညာတတ် အမျိုးအစားက များပြီး အပေါ်ပိုင်းက နည်းရမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော် ဒီဖြစ်သင့်သော၊ သင့်လျော်သော ပညာရေးစနစ် ရှာဖွေရေးဆိုပြီး လုပ်တဲ့အခါကျတော့ အမှန်ကတော့ Triangle Shape သွားဖို့ လိုပါတယ်။ အပေါ်ပိုင်းမှာကတော့ တကယ့် Specialist, Researcher, Engineer တွေ ရှိပြီးတော့ အလယ်အလတ်မှာ Senior Technologist Technician တွေ ရှိပြီးတော့ ခုန Technician ဆိုတဲ့ AGTI Level နဲ့ အလုပ်သမား တွေနဲ့က အောက်ခြေမှာ များများရှိရပါမယ်။ ဒါမှ စက်မှုဖွံ့ဖြိုးဖို့ဆိုလို့ရှိရင် ကျွန်တော်တို့ အထောက်အကူ ပြုမယ့်၊ စနစ်ကျတဲ့ ပညာရေးစနစ် ဖြစ်ပါမယ်။ ဒီ တကယ့်လက်တွေ့လုပ်ငန်းခွင်တွင်လည်း အချိုးကျ မှာပါ။ စက်မှုနိုင်ငံထူထောင်ရန် လိုအပ်တဲ့ အဆင့်မီသော အင်ဂျင်နီယာ၊ နည်းပညာကျွမ်းကျင်သူ အချိုးအစားကို ထိန်းကျောင်းရန် လိုအပ်ပါတယ်။ အရည်အသွေးကို မထိခိုက်စေရန် ကျောင်းများမှာ နိုင်နင်းတဲ့ဦးရေသာ ပထမ မွေးထုတ်ပြီး နောင် တိုးချဲ့ရန် လိုအပ်ပါက ဖြည့်ဆည်းပေးနိုင်သော အင်အားပေါ် မူတည်၍ တဖြည်းဖြည်း တိုးချဲ့သွားသင့် ပါတယ်။ နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာများ Specialist များနဲ့ Researcher များ မွေးထုတ်ပေးမည့်လိုင်းနဲ့ လက်တွေ့လောက ချက်ချင်း အသုံးဝင်မည့် Technician Technologist လိုင်း (၂)လိုင်းကို ကွဲပြားခြားနားပြီးတော့ ကျွန်တော်တို့ ကျောင်းစဝင်သည့်နှစ်မှစ၍ မတူညီသော သီးခြားသင်ရိုးနဲ့ တူညီရမှာ ဖြစ်ပါတယ်။ အင်ဂျင်နီယာနဲ့ Technican Technologist လိုင်း(၂)လိုင်းကြား ပေါင်းကူးခြင်းကို ဦးစားပေးနေပါက သင်ရိုးများ မပီပြင်ဘဲ ရှုပ်ထွေးကုန်သဖြင့် မပီပြင်သော ပညာရေးစနစ် ဖြစ်နေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်က ကျွန်တော့်ရဲ့ အကျဉ်းချုံးပါပဲ။ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းက ပြုစုပြီးတော့ တင်ပြမလို့ လုပ်ထားတာကတော့ အများကြီးပါ။ သို့သော် ကျွန်တော့်အနေနဲ့ အချိန်ကိုလည်း ငဲ့ကွက်ပြီး ဒီ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ဒီနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပညာရေးအခြေအနေ အထူးသဖြင့် အင်ဂျင်နီယာပညာရပ် အခြေအနေတွေကို ဝါရင့်အင်ဂျင်နီယာလေးတွေကတော့ အများကြီး စိုးရိမ် ပါတယ်။ ဝန်ကြီးတစ်ယောက်ပြောင်းသွားပြီး တစ်ယောက် ၂၀၁၂-၂၀၁၃ မှာတင် ဝန်ကြီးပြောင်းတယ်။ ပထမဝန်ကြီးက မူတစ်မျိုး၊ နောက်ဝန်ကြီးက တစ်မျိုး၊ ကျောင်းသားတွေအတွက် အစမ်းသပ်ခံ

ဖြစ်ပါတယ်။ ဒါကိုတော့ ပီပြင်တဲ့မူတစ်ခုနဲ့ လူပြောင်းပေမယ့် မူမပြောင်းတဲ့ မူတစ်ခု ဖြစ်သင့်ပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျာ။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၅။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်း မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ အဆင့်မြင့် နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်းပြည့်ဝသော နည်းပညာ ကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်မည့် အစီအစဉ် (Realistic Scenario) ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး တိုးတက်ဖို့ နိုင်ငံတော် တည်ထောင်ဖို့ဆိုရင် အဓိက လိုအပ်ချက်တစ်ချက်ဟာ နည်းပညာ ရှိဖို့ရယ်၊ ပညာရှင်များ မွေးထုတ်အသုံးချတတ်ဖို့ ဖြစ်တယ်ဆိုတာ ငြင်းစရာမရှိပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ပြီးခဲ့သော နှစ်ပေါင်း(၂၀)၊ (၃၀)လောက်မှာ အဘယ့်ကြောင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ (Least Developed Country - LDC) သတ်မှတ်ခံရသလဲဆိုရင် နည်းပညာချို့ယွင်း လိုအပ်မှုကြောင့် ဖြစ်တယ်ဆိုတာက လူတိုင်းသိပြီးသား ဖြစ်ပါတယ်။ ပထမပိုင်းမှာ ပြည်သူပိုင်သိမ်းသော စက်ရုံ၊ အလုပ်ရုံများမှာ ကျွမ်းကျင်ပညာရှင်များ အသုံးမချခြင်း၊ တစ်နည်းအားဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များကို နေရာမပေးခြင်းတို့ကြောင့် ပြည်ပနိုင်ငံသို့ ထွက်ခွာသွားကြရပြီး ပြည်တွင်းမှာ နည်းပညာအဆင့်နိမ့်စွာနဲ့ ထုတ်လိုသောပစ္စည်းများဟာ အိမ်နီးနားချင်းနိုင်ငံများမှ အရည်အသွေး ကောင်းမွန်ပြီး မြင့်မားစွာထုတ်လုပ်သော ကုန်ပစ္စည်းများ အဆင့်မမီသောကြောင့် နိုင်ငံအတွင်း မှောင်ခိုလုပ်ငန်းကြီးထွားစေခဲ့ပြီး အိမ်နီးနားချင်းတို့ရဲ့ စီးပွားရေးကို လိုက်မမီနိုင်ဘဲ နောက်ကျကျန်ရစ်ခဲ့တဲ့ဟာကို ယနေ့တိုင် ခံစားနေရဆဲ၊ ဆင်းရဲနွမ်းပါးမှုနွံထဲမှာ နစ်နေဆဲဖြစ်ပါတယ်။ ဒါဟာနည်းပညာ အသုံးချမှု နည်းပညာရှင် မွေးထုတ်အသုံးချမှု Human resources အပေါ် အဓိကလိုအပ်ချက် တစ်ချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဖော်ပြချက်အရ B.E တက်ခွင့်ရ တက္ကသိုလ်(၆)ကျောင်း၊ နည်းပညာတက္ကသိုလ် TU (၁၀)ကျောင်း၊ နည်းပညာကောလိပ် GTC (၄)ကျောင်းနှင့် အစိုးရ စက်မှုလက်မှု သိပ္ပံကျောင်း (၁၀)ကျောင်းနှင့်စုစုပေါင်း ကျောင်းပေါင်း(၃၀) ရှိတာကို တွေ့ရပါတယ်။

အဆိုပါတက္ကသိုလ်နဲ့ သိပ္ပံကျောင်းများ မြောက်မြားစွာ ဖွင့်လှစ်ပေးခဲ့ခြင်းမှာ ယခင်အစိုးရ အကြီးအကဲများနှင့် နိုင်ငံတော် တည်ထောင်ရာ၌ သို့မဟုတ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တတ်သိနားလည်ကျွမ်းကျင်သူ အင်ဂျင်နီယာပညာရှင်များ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက် ဖြစ်ကြောင်းနှင့် ဒါဟာ မှန်ကန်တဲ့လမ်းကြောင်းပေါ် တက်လှမ်းခဲ့တယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ၁၉၉၆ မတိုင်ခင်ကာလကို ပြန်သုံးသပ်မယ်ဆိုရင် (၁၀)တန်းအောင်ပြီး B.E ဘွဲ့ကို (၆)နှစ်သင်တန်းအဖြစ်လည်းကောင်း၊ AGTI သင်တန်းကို (၃)နှစ်အဖြစ်လည်းကောင်း၊ B.E ဘွဲ့အတွက် အဆင့်မီ AGTI သင်တန်းများ နောက်ထပ်(၄)နှစ် တက်ရောက်ပြီး B.E ဘွဲ့ ရရှိကြပါတယ်။ ၄င်းခေတ်ကာလတွင် မွေးထုတ်ခဲ့သော ပညာရှင်များ ပညာအရည်အချင်းရှိပြီးတော့ နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်တဲ့ အဆင့်ဖြစ်ခဲ့ပါတယ်။ အရည်အချင်းပြည့်ဝသော အင်ဂျင်နီယာများ မွေးထုတ်နိုင်ခဲ့ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ခေတ်ကာလ ပညာရေးအခြေအနေဟာ အခြေခံပညာရေးစနစ် အဆင့်မြင့်ပညာရေးစနစ်ကိစ္စကို ကျွန်တော့်အနေနဲ့ တတ်ကျွမ်းသော ပညာရှင်များဖြင့် ကော်မရှင်ဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန် ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းနဲ့ မေးမြန်းခဲ့သော်လည်းပဲ ဖြစ်သင့်ဖြစ်ထိုက်သော အဖြေမရရှိခဲ့ပါ။ အခြေခံပညာရေးကစ အဆင့်မြင့်ပညာရေးအထိ မွေးထုတ်သော လူ့စွမ်းအားအရင်းအမြစ်များသည် အရည်အချင်း မရှိပါ။ အရေအတွက်သာဖြစ်ပြီး ဘယ်စီမံကိန်း၊ ဘယ်လုပ်ငန်းမှာ နိုင်ငံတကာအဆင့်ရှိ ပညာရှိလို့ အသုံးချလို့ မရတာရယ်၊ လူအရင်းအမြစ်များ ရှားပါးမှု စသည်တို့ကို ယခု ကျွန်တော်တို့ ကြုံတွေ့ရတာ လက်တွေ့ပဲဖြစ်ပါတယ်။ နည်းပညာတက္ကသိုလ်များ သိပ္ပံကျောင်းများ နေရာအနှံ့ မြောက်မြားစွာဖွင့်လှစ်ခြင်းဟာ မူသဘောအားဖြင့် ကောင်းမွန်သော်လည်းပဲ အရည်အချင်းပြည့်မီအောင် သင်ကြားပေးမှုမရှိခြင်း စာတွေ့အပြင် လက်တွေ့(Practical) အဓိကကျတာကို မျက်ကွယ်ပြုသလို ဖြစ်နေပါတယ်။ အဆောက်အဦကတော့ လှပစွာတည်ရှိနေသော်လည်း အတွင်းပိုင်းမှာ ကျေနပ်ဖွယ်ရာမရှိတာကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်ရောက်ခဲ့ဖူးသော နည်းပညာကောလိပ်နဲ့ သိပ္ပံကျောင်းများမှာ Practical အတွက် စက်မှုအင်ဂျင်နီယာပိုင်းဆိုင်ရာ ဆိုလည်း စက်မှုပိုင်းဆိုင်ရာ Work Shop အလုပ်ရုံများ၊ စက်ကိရိယာများ မြို့ပြအင်ဂျင်နီယာပိုင်းဆိုရင်လည်း မြို့ပြနဲ့ဆိုင်တဲ့ Work Shop ကိရိယာများ၊ လျှပ်စစ်အင်ဂျင်နီယာဆိုရင်လည်း သူ့ဟာနဲ့သူ ကွန်ပျူတာဆိုရင်လည်း လုံလုံလောက်လောက် မီးရရှိရေးကအစ ဆရာ/ဆရာမများမှအဆုံး လက်တွေ့ကျကျ သင်ကြားပို့ချမှု အင်မတန်အားနည်းတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ကျောင်းသူ/ကျောင်းသားများ အရည်အချင်း မရှိတာကို အရည်အချင်းရှိအောင် အစိုးရမှ ပံ့ပိုးမှု အားနည်းနေတာကြောင့် ဖြစ်ပါတယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ အစိုးရကအတည်ပြုပြီး အကောင်အထည်ဖော်နေသော အင်ဂျင်နီယာ ပညာရေးစနစ်သည် ယခင်ပညာရေးစနစ်နဲ့ လမ်းပေါ် ပြန်လည်ရောက်ရှိအောင် တွန်းအားပေးသော လမ်းကြောင်းဖြစ်သည်ကို လုပ်သက်ရင့် ပညာရှင်များ ဝမ်းပန်းတသာ ကြိုဆိုကြပါတယ်။ သို့သော်လည်းပဲ ၂၀၁၃ ခုနှစ် အသစ် ပြန်လည်ရေးဆွဲနေတဲ့ အင်ဂျင်နီယာပညာရေးစနစ်ဟာ အပေါ်မှာ ကျွန်တော် တင်ပြသွားတဲ့ အရည်အချင်းမရှိ အရေအတွက်သာရှိပြီးတော့

အင်ဂျင်နီယာဆိုတဲ့ အဆင့်လည်းမရောက် Technician အဆင့်လည်း တတ်မြောက်ခြင်းမရှိ၊ အထက်မရောက် အောက်မရောက် တန်းလန်းအင်ဂျင်နီယာအဆင့်၊ ဘယ်မှာကိုမှ နိုင်ငံတကာအဆင့်မှာ သုံးလို့ကိုမရသော ဘွဲ့ရပုဂ္ဂိုလ်များ ဖြစ်လာမှာကို အထူးစိုးရိမ်စရာ ဖြစ်နေပါတယ်။ အင်ဂျင်နီယာပညာနဲ့ Technician ပညာ အလွန်ကွာခြားပါတယ်။ အင်ဂျင်နီယာ အဆင့်ရောက်အောင် (၆)နှစ်လုံးလုံး သင်နေရတာဟာ Technologist ပီပီပြင်ပြင် ဖြစ်မြောက်အောင် သင်ပေးနေတဲ့ ပညာနဲ့ မဆိုင်ပါခင်ဗျား။ ဖွံ့ဖြိုးသောနိုင်ငံများအနေနဲ့ အဆိုရှင် တင်ပြထားသလို အင်ဂျင်နီယာအချိုး၊ ပညာရှင်အချိုး၊ ကျွမ်းကျင်လုပ်သားအချိုးဟာ ၁း၄း၁၂ ခန့်ရှိတာကို ကြည့်ခြင်းအားဖြင့် ယခု လက်ရှိကျွန်တော်တို့ တိုင်းပြည်ရဲ့ လုပ်ဆောင်မှုအခြေအနေကို ကြည့်မယ်ဆိုရင် ဒီအချိုးဟာ ကျွန်တော်တို့ ပြောင်းပြန်ဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အားပေးအားမြှောက်မှု မရှိခဲ့တဲ့အတွက် ပညာရှင်အချို့ အခြားနိုင်ငံသို့ ထွက်ခွာသွားကြတာဟာ ကျွန်တော်တို့ နိုင်ငံတော်အတွက် Brain Drain ဦးနှောက်ယိုယွင်းမှု ဖြစ်ခဲ့ပါတယ်။ အိမ်နီးနားချင်းနိုင်ငံဖြစ်သော အမေရိကန်နိုင်ငံကတောင်မှ အခြားနိုင်ငံက ရွှေ့ပြောင်းလာတဲ့ ပညာရှင်တွေဟာ၊ အင်ဂျင်နီယာတွေဟာ သူတို့နိုင်ငံအတွက် Brain Drain ဖြစ်နေတယ်လို့ ပြောဆိုနေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော်တို့ နိုင်ငံအစိုးရလက်ထက်မှာ အခြားတိုင်းပြည်ရောက်ပညာရှင်များ၊ Technician များ ပြန်လာရန် ဖိတ်ခေါ်နေတာဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် အလွန်ကောင်းမွန်သော လုပ်ရပ်ဖြစ်ပေမယ့်လည်း တကယ့်ပညာရှင်ကြီးတွေက ပြန်လာရန် အခြေအနေစောင့်ကြည့်သုံးသပ်နေကြတယ်လို့ ကျွန်တော်ကြားရပါတယ်။ ၁၉၆၇ ခုနှစ်၊ စင်ကာပူဝန်ကြီးချုပ် Lee Kuan Yew ဟာ နိုင်ငံခြားရောက်စင်ကာပူ ပညာရှင်များ၊ စင်ကာပူ သံယောဇဉ်ရှိသူများကို ရအောင်ခေါ်ယူပြီးတော့ Singapore Quit Act to reformed Country စတင်ခဲ့လို့ ယခုလို တိုးတက်ရတာကို တွေ့ရပါတယ်။ ဒါနိုင်ငံတစ်နိုင်ငံအတွက် ပညာရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များ အထူးအရေးကြီးတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ယခု ကျွန်တော်တို့ လာမယ့် အခုအောက်တိုဘာလ ၂၈၊ ၂၉ ရက်နေ့မှာ ပြိုတိန်နဲ့မြန်မာ အဆင့်မြင့်ပညာရေးပူးပေါင်းဆောင်ရွက်မှုအနေနဲ့ Turning Policy Into Action ခေါင်းစဉ်ဖြင့် ပညာရှင်များ၊ အလုပ်ရုံဆွေးနွေးပွဲများမှ ထွက်ပေါ်လာတဲ့အဖြေဟာ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်ချက်အပေါ် အကောင်အထည်ဖော်နိုင်သော နည်းလမ်းများဖြင့် အဆင့်မြင့်ပညာရေး ပြုပြင်ပြောင်းလဲမှုကို စွမ်းနိုင်အောင် အောင်မြင်ပါစေလို့ ဆန္ဒပြုပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာဆိုင်ရာဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ပညာရေးစနစ် မှန်ကန်မှုအပေါ် မူတည်နေပါတယ်။ အခုအချိန်မှာ ပညာရေးစနစ်ကို စမ်းသပ်ချိန် မဟုတ်တော့ပါ။ တကယ့်မှန်ကန်တဲ့ စနစ်ချမှတ်ဖို့ အလွန်အရေးကြီးပါတယ်။ သို့မဟုတ်ရင် ကျွန်တော်တို့ အိမ်နီးနားချင်း နိုင်ငံတွေရဲ့ နောက်မှာ ပို၍ပို၍နောက်ကျ ကျန်ရစ်ခဲ့မယ်ဆိုတာ ငြင်းစရာ မရှိပါကြောင်းနဲ့ ယခု ဆွေးနွေးနေရသော အဆင့်မြင့်ပညာ၊ အင်ဂျင်နီယာပညာများ၊ ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ဖို့ကို နည်းလမ်းမှန်ဖြစ်ဖို့ သိပ်အရေးကြီး

သောကာလ ဖြစ်နေပါကြောင်းကို တင်ပြဆွေးနွေးရင်း ဦးမျိုးမြင့်ရဲ့ အဆိုကို လေးနက်စွာထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅း၀၀)မိနစ်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၀၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၈) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၂၄) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၅။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ဒီဆွေးနွေးမယ့် အဆိုနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့ အတွေ့အကြုံလေးတစ်ခု တင်ပြပါရစေ။ ကျွန်တော်တို့ ဒီအမျိုးသားလွှတ်တော်ရဲ့ စာကြည့်တိုက်ခန်းမထဲမှာ အာဇာနည် ခေါင်းဆောင်ကြီးရဲ့ဓာတ်ပုံ ချိတ်ထားပါတယ်။ ဒီအာဇာနည်ခေါင်းဆောင်ကြီးတွေထဲမှာပါတဲ့ အာဇာနည် ဦးအုန်းမောင် ကို တွေ့တော့ ကျွန်တော့်ဆရာကို သတိရမိပါတယ်။ ကျွန်တော့်ဆရာဟာ သူ့သားပါ။ ရန်ကုန်စက်မှုတက္ကသိုလ်ကနေပြီးတော့ လျှပ်စစ်အင်ဂျင်နီယာဌာနကနေပြီးတော့ ကထိကတစ်ဦးပါ။ ပြည်တွင်း၊ ပြည်ပမှာရှိတဲ့ လျှပ်စစ်နဲ့ပတ်သက်တဲ့ Master ဘွဲ့အမျိုးမျိုးကို ရရှိပြီးတော့ ကျောင်းမှာ စာသင်ပြနေတဲ့ ဆရာဖြစ်ပါတယ်။ သူ သင်ပြနေတဲ့ဘာသာရပ်ကလည်း လျှပ်စစ် Circuit နဲ့ပတ်သက်လို့ Analysis ပတ်သက်လို့၊ သီအိုရီအမျိုးမျိုးကို သင်တဲ့အတွက် သူ့ဘာသာရပ်က ကျွန်တော်တို့ ကျောင်းသားတွေ ကြောက်ရွံ့တဲ့ ဘာသာရပ်တစ်ခု ဖြစ်ပါတယ်။ ကျွန်တော် ဒီတက္ကသိုလ်က ကျောင်းပြီးခါစအချိန်မှာ ကျွန်တော့်အသိ ဒီလမ်းဘေးမှာရှိနေတဲ့ လျှပ်စစ်ပစ္စည်းပြုပြင်တဲ့ ဆိုင်လေးတစ်ဆိုင်မှာ ကျွန်တော်

ရောက်ရှိနေတဲ့အချိန်မှာ ဒီဆရာ ရောက်လာပါတယ်။ ရောက်လာပြီးတော့ ဆရာက သူ့ရဲ့ လျှပ်စစ်ပစ္စည်းကို ပြုပြင်ပြီး/မပြီးကို ဒီဆိုင်ကို လာစုံစမ်းတာပါ။ စုံစမ်းတဲ့အခါမှာ ဒီဆိုင်ပိုင်ရှင်က ပြုပြင်ပြီးကြောင်းပြောတဲ့အခါမှာ ဆရာက ကျသင့်ငွေကိုပေးပြီးတော့ သူ့ပစ္စည်းလေးကိုယူပြီး ထွက်သွားပါတယ်။ အဲဒီတော့မှ ကျွန်တော်ကြည့်လိုက်တဲ့အခါမှာ သူ့ပစ္စည်းလေးက သာမန် ကျွန်တော်တို့ ဘက်ထရီလေးနဲ့ထွန်းတဲ့ သာမန်လျှပ်စစ်မီးအိမ်လေး တစ်ခုပါ။ ကျွန်တော်ဆိုလိုတာက ဒီဆရာက လျှပ်စစ်နဲ့ပတ်သက်လို့ အမျိုးမျိုးပညာတွေတတ်ပေမယ့် ဒီပစ္စည်းလေးကို သူမပြင်တတ်ပါဘူး။ ဒီပစ္စည်းလေးကို သူ ဆိုင်ကို လာအပ်ရပါတယ်။ လာရွေးရပါတယ်။ အဲဒါကို ကျွန်တော် တင်ပြချင်တာပါ။

အဲဒီလိုပဲ ကျွန်တော်ကျောင်းသားဘဝမှာလည်း ကျွန်တော့် လျှပ်စစ်ဌာနက ပါမောက္ခဟာ သူကတော့ နိုင်ငံခြားကနေပြီးတော့ Ph.D ဘွဲ့တောင် ရတဲ့သူပါ။ သူလည်း သူ့ရဲ့ သာမန်လျှပ်စစ်ပစ္စည်းလေးတစ်ခုကို ပြုပြင်တဲ့ဆိုင်ကို သွားအပ်တဲ့အခါမှာ ဒီဆိုင်ပိုင်ရှင်က အချိန်မီပြုပြင်မပေးတဲ့အတွက် သူ အကြိမ်ကြိမ် သွားလာရပါတယ်။ ကျွန်တော်လည်း သွားပြီး မေးပေးရပါတယ်။ ဒါ ကျွန်တော်တို့ ဘာပြသလဲဆိုရင် ကျွန်တော်တို့ စက်မှုတက္ကသိုလ်ရဲ့လျှပ်စစ်ဌာနမှာရှိတဲ့ ဒီနိုင်ငံခြားပြန်၊ ပါမောက္ခကြီးတွေ၊ ကထိကကြီးတွေ ကိုယ်တိုင်ကိုယ်က ဒီသာမာန်လျှပ်စစ်သုံးပစ္စည်းလေးတွေကို မပြုပြင်နိုင်ဘူးဆိုတဲ့အချက်ကို ကျွန်တော် ထင်ရှားစေချင်လို့ပါ။ ကျွန်တော်လည်း ကျောင်းတက်လာတဲ့အချိန်အခါမှာ လေး၊ ငါး၊ ခြောက်တန်း ကျောင်းကြီးပိုင်း ရောက်တဲ့အခါတုန်းက ကျွန်တော်တို့ ဆရာတစ်ဦးကပြောပါတယ်။ တပည့်တို့ပေ့ါ၊ မင်းတို့ပေ့ါနော်၊ အခု ဒီစက်မှုကျောင်းကြီးမှာ တက်နေပြီးတော့ အတန်းကြီးလည်း တော်တော်ရောက်နေပြီ။ ဒါပေမဲ့ စာမှန်မှန်ကြည့်ရဲ့လား၊ လျှပ်စစ်ကျောင်းသားလေးတစ်ဦးက မီးပူလေး၊ ရေဒီယိုလေး မပြင်တတ် ဟုတ်လား၊ ကျွန်တော်တို့ ဒီစက်မှုကျောင်းသားက စက်ဘီးလေး၊ ဆိုင်ကယ်လေးတောင် မပြင်တတ် ဟုတ်လား၊ ကျွန်တော်တို့ ဆောက်လုပ်ရေးကျောင်းသားကလည်း ဘာမှမလုပ်တတ်သလိုမျိုး မင်းတို့ တွေ့ရလိမ့်မယ်။ ဘာမှ အားငယ်စရာ မလိုဘူးလို့ ပြောပါတယ်။ အဓိက ကျွန်တော်တို့စက်မှုတက္ကသိုလ်က သင်ပေးခဲ့တာက ဒီ တည်ဆောက်ရေးပိုင်း၊ ပြုပြင်ရေးပိုင်းကို သင်နေတာမဟုတ်ဘူး လို့ပြောပါတယ်။

ကျွန်တော်တို့ ဒီစက်မှုတက္ကသိုလ်က သင်ပေးတာက ဒီဇိုင်းကို သင်ပေးတာပါ။ ဒီဇိုင်းနဲ့ Calculation Theory ကို သင်ပေးတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်ဂျင်နီယာလောကကြီးကို အဓိကအားဖြင့် အပိုင်းကြီးတွေ ခွဲကြည့်မယ်ဆိုရင် အပိုင်း(၃)ပိုင်း တွေ့ရမှာ ဖြစ်ပါတယ်။ ပထမအပိုင်းက ဒီဇိုင်းပိုင်းပါ။ ဒုတိယအပိုင်းက ဒီ ဒီဇိုင်းရဲ့ တည်ဆောက်တဲ့ တည်ဆောက်ရေးအပိုင်းပါ။ တတိယအပိုင်းကတော့ ဒီတည်ဆောက်ပြီးစီးလာတဲ့ အင်ဂျင်နီယာ Project ကြီးကို Run တဲ့အခါမှာ Operation နဲ့ Maintenance လုပ်ရတဲ့အပိုင်းဆိုပြီး အပိုင်းသုံးပိုင်း ခွဲခြားမှုရှိပါတယ်။ ကျွန်တော်တို့ ကျောင်းတွေက ကျတော့ ဒီဇိုင်းကိုပဲ အဓိကထားရတာပါ။ အဲဒီတော့ ကျွန်တော်တို့မှာ ဘာကိုပဲအဓိကထားရသလဲဆို သီအိုရီပိုင်းတွေပေ့ါ။ သီအိုရီပိုင်း ရာခိုင်နှုန်း (၉၀)ရာခိုင်နှုန်းအထိဟာ သီအိုရီရှိပါတယ်။ သီအိုရီတွေ၊ Calculation တွေ ဒါတွေနဲ့တွက်ရတာပါ။ အင်ဂျင်နီယာပညာရပ်ဆိုတာ၊ လောကဆိုတာက ပစ္စည်းတွေ တစ်ခုပြီးတစ်ခုကို Cascade အတွဲလိုက်တပ်ဆင်တာပါပဲ။ ဒီတပ်ဆင်တဲ့အခါမှာကျတော့ ကိုယ် လိုချင်သလို တပ်ဆင်လို့မရပါဘူး။ ဒီပုံစံထုတ်တဲ့သူက ပစ္စည်းတစ်ခုနဲ့တစ်ခု

Max ဖြစ်ဖို့ ဟုတ်လား ကျွန်တော်တို့ Input/ Output မှန်ဖို့အတွက် Theory ပိုင်း၊ Calculation ပိုင်းနဲ့အတူ ပုံစံချရတာပါ။ ဘယ်လောက်ထိလဲဆို ကျွန်တော်တို့ ပုံစံချရာမှာ ပုံစံစာရွက်ထဲမှာ အစက်လေး တစ်စက် နှစ်စက် ကြားကို ကျွန်တော်တို့ မျဉ်းကြောင်းဆက်ဖို့တောင်မှ Theory ပိုင်းအရ တွက်ချက်မှုတွေ အများကြီး လုပ်ပြီးတော့မှ ကျွန်တော်တို့ တွက်ချက်ပြီးမှ ဒီမျဉ်းကြောင်းတွေကို ဆက်လို့ရပါတယ်။ ကျွန်တော်တို့ စိတ်ကူးတည့်ရာနဲ့ ဆက်လို့မရပါဘူး။ ကျွန်တော်တို့က Theory ကို အခြေခံရတဲ့အတွက် အချိန်နဲ့ အများကြီး ကျွန်တော်တို့ သင်ကြားရတာဖြစ်ပါတယ်။ ပုံစံလေးတစ်ခု ရဖို့အတွက် ကျွန်တော်တို့က နောက်ပိုင်း ဆိုရင် Software တွေ၊ ဘာတွေ သုံးပြီးလုပ်ရတဲ့ပညာရပ် ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ပုံစံထုတ်ရေး အပိုင်းပါ။

ဒုတိယအပိုင်းဖြစ်တဲ့ ကျွန်တော်တို့ တည်ဆောက်ရေးအပိုင်းကျတော့ ပထမအပိုင်းပုံစံ ထုတ်ဒီဇိုင်းပြီးရင် ဒုတိယအပိုင်းဖြစ်တဲ့ဒီပုံစံကို အကောင်အထည်ဖော်ရေးအပိုင်းကို ကျွန်တော်တို့ က လွှဲပြောင်းပေးရပါတယ်။ ဒီအကောင်အထည်ဖော်တဲ့လူကကျတော့ ဒီနေရာကို ဒီပစ္စည်းကို ဘာလို့ သုံးထားသလဲဆိုတာမျိုး Theory ပိုင်းအရ တွက်ချက်စရာ မလိုတော့ပါဘူး။ Theory သမား တွက်ချက်တဲ့ဟာကို ပုံစံထုတ်တဲ့သူက Specification နဲ့ ကိုက်အောင်သူက တပ်ဆင်ပေးရမှာ ဖြစ်ပါတယ်။ ဒါဟာတည်ဆောက်ရေးအပိုင်းနဲ့ ပုံဖော်ရေးအပိုင်းကို အဓိကလုပ်ရတာပဲ ဖြစ်ပါတယ်။ အဲဒါနဲ့ သူတို့က ပညာရည် မမြင့်ဘူးလားဆိုတော့ သူတို့က လိုင်းတစ်မျိုးပါ။ သူတို့က တကယ့်ကို လက်တွေ့တည်ဆောက်တဲ့အခါမှာကျတော့ သူတို့က Management လူတွေ၊ ပစ္စည်းတွေ၊ စက်ယန္တရားတွေ သူတို့ အချိန်တွေ၊ ကာလဒေသနဲ့ပတ်သက်လို့ Management ပါ၊ သူတို့က တွက်ပြီးတော့ လုပ်ရမှာ ဖြစ်ပါတယ်။ ခုန ဒီအဆိုရဲ့ အရင်မှာဆွေးနွေးတဲ့ ပဲခူးတိုင်းမှာရှိတဲ့ လမ်းတစ်လမ်းကို ဖောက်တဲ့အခါမှာ အချိန်မီမပြီးတာက အဲဒါက ကျွန်တော် ခုန ပြောတဲ့ တည်ဆောက်ရေး၊ ပုံဖော်ရေး အင်ဂျင်နီယာ အပိုင်းမှာပါတဲ့ Management ပိုင်းဆိုင်ရာ အားနည်းမှု ဖြစ်ပါတယ်။ Management ဆိုတာက ရာသီဥတု၊ အခြေအနေ၊ ပစ္စည်းတွေအပေါ်မှာ မူတည်ပြီးတော့ ဒီပစ္စည်းကို ဘယ်လို၊ ဘယ်လိုလုပ်မယ်၊ ဒီဈေးနှုန်းအရရော၊ အချိန်ကာလအရရော၊ Time Limit တွေ၊ ဈေးနှုန်း Limit တွေ ကြားထဲမှာ ဘယ်လိုပေါ်အောင် လုပ်မယ်ဆိုတဲ့ Maintenance ကို ပိုပြီးအကောင်အထည် ဖော်ရမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ပညာက တစ်မျိုးပါ။ ဒါကြောင့် ဒီပညာရပ် အားနည်းလို့ရှိရင် ခုန ပဲခူးတိုင်းမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာရပ်တွေလို ဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တည်ဆောက်ရေးအပိုင်းမှာလည်း သူတို့ အခက်အခဲနဲ့ သူတို့ပညာရပ်တွေ ရှိတယ်ဆိုတာ ကျွန်တော် တင်ပြရပါတယ်။

တတိယအပိုင်းဖြစ်တဲ့ ကျွန်တော်တို့ Operation နဲ့ ဒီ Maintenance အပိုင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအင်ဂျင်နီယာစီမံကိန်းကြီးတစ်ခုပြီးသွားပြီဆိုလို့ရှိရင် ဒီထုတ်ကုန်ကြီးကို ပုံမှန် Run ဖို့၊ Operation လုပ်ဖို့ Operator တွေကို ကျွန်တော်တို့က Technical ပိုင်းဆိုင်ရာ သင်တန်းတွေ ပေးရပါတယ်။ နောက် ဒီပစ္စည်းတွေဟာ နည်းစနစ် မှန်မှန် နဲ့လုပ်တတ်ဖို့အတွက်ဆိုရင် ကျွန်တော်တို့ ပုံမှန် Schedule, Maintenance တွေ လုပ်ရပါတယ်။ ဥပမာ ကျွန်တော်တို့ လေဆိပ်တွေမှာရှိတဲ့ လေကြောင်းထိန်းသိမ်းရေး Technicians ဆိုတာက Operation နဲ့ Maintenance လုပ်နေတာပါ။ လေယာဉ်ပုံစံထုတ်တဲ့သူတွေက နဂိုက ထုတ်ပြီးပါပြီ။ လေယာဉ်ကလည်း စက်ရုံက ထွက်ပြီးပါပြီ။

ဒါပေမဲ့ လေဆိပ်တွေမှာ လုပ်တဲ့အခါကျတော့ ခုန လေယာဉ်ပုံစံ ထုတ်တဲ့သူလည်း မလိုတော့ပါဘူး။ လေယာဉ်တည်ဆောက်တဲ့စက်ရုံက လူလည်း မလိုတော့ပါဘူး။ လေယာဉ်တကယ် Run နေတဲ့အခါ ကျတော့မှ Operation သမားနဲ့ Maintenance သမားတွေကပဲ ဆက်အလုပ်လုပ်ရမှာပါ။ သူတို့ ကဏ္ဍကလည်း အရေးကြီးပါတယ်။ ဒီ Operation နဲ့ Maintenance သမားက ဘယ်လောက် အရေးကြီးသလဲဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ ဥပမာအားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင်ပေါ့နော်၊ ကျွန်တော်တို့ နည်းပညာ၊ အင်ဂျင်နီယာလောကက သီးသန့်မတည်ရှိနေတဲ့သဘောကနေ နေရာ အားလုံးကို လွှမ်းခြုံသွားပါတယ်။

ဥပမာအားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံက ဆရာဝန်တွေဟာဆိုလို့ရှိရင် ဒုတိယကမ္ဘာစစ်အပြီးကာလမှာဆိုရင် ကမ္ဘာမှာတော်တော်လေးကို နာမည်ရပါတယ်။ မြန်မာနိုင်ငံက ရတဲ့ ဆရာဝန်တွေဟာဆိုလို့ရှိရင် အင်္ဂလန်မှာ တိုက်ရိုက်အလုပ်လုပ်လို့ ရပါတယ်။ ဒါပေမဲ့ အခု လက်ရှိ အချိန်မှာ ဆရာဝန်လောကဟာဆိုလို့ရှိရင် ပြည်တွင်းမှာတောင်မှ တော်တော် နာမည်မရ ဖြစ်နေတာပါ။ ပြည်ပမှာဆိုလို့ရှိရင် မြန်မာနိုင်ငံဆေးလောက ဆရာဝန်တွေဟာ အဆင့်မမီ ဖြစ်နေပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့နိုင်ငံ ဆရာဝန်တွေ အရည်အချင်း ကျသွားလို့လား၊ Theory မရ လို့လား။ မဟုတ်ပါဘူး။ ပုဂ္ဂိုလ်ရေးအရ အရည်အချင်းရှိတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမဲ့ အဓိက လက်ရှိ ဆေးလောကမှာ Technical ပိုင်းဆိုင်ရာ အကူအညီတွေ မရတာ ဖြစ်နေတာပါ။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် ပြီးခဲ့တဲ့နှစ်နှစ်ကျော်လောက်က ကျွန်တော့် တူတစ်ယောက်က ရောဂါတစ်ခု ရပါတယ်။ ဒီကလေးနဲ့ ပတ်သက်လို့ သက်ဆိုင်ရာ အထူးကုဆရာဝန် တော်တော်များများ ကို ပြပေမယ့် ဒီဆရာဝန်တွေ ဘာမှ ပုံမဖော်နိုင်ပါဘူး။ ရောဂါနဲ့ပတ်သက်လို့ အတိအကျရှာဖွေလို့ မရနိုင်ပါဘူး။ နောက်ပိတ်ဆုံး သူ့မိဘတွေက တော်တော်စိတ်ပူတဲ့အခါကျတော့ သူတို့ ထိုင်းနိုင်ငံ သွားပြီးတော့ ရောဂါရှာဖွေရေး စက်အကူအညီနဲ့ ရှာပါတယ်။ ရှာတဲ့အခါကျတော့ ရောဂါတွေ့လာပါတယ်။ တွေ့လာတဲ့အခါကျတော့ လိုအပ်တဲ့ ဆေးအညွှန်းနဲ့အတူတူ မြန်မာပြည်က ဆရာဝန်တွေကို ပြန်ညွှန်းပါတယ်။

အဲဒီတော့ မြန်မာနိုင်ငံကဆရာဝန်တွေက ဒီလိုမျိုး လူပုဂ္ဂိုလ်ကိုပဲ အားကိုးနေရတာပါ။ နည်းပညာ အထောက်အကူ မရတဲ့အခါမှာကျတော့ ကျွန်တော်တို့ ဒီလိုအခက်အခဲတွေ ဖြစ်နေတာပါ။ သူတို့နိုင်ငံမှာရှိတဲ့၊ ကျန်တဲ့ ဆရာဝန်လောကတွေက တော်လို့မဟုတ်ပါဘူး။ ဒါပေမဲ့ ကျန်းမာရေး လောကနဲ့ ပတ်သက်လို့၊ နည်းပညာနဲ့ပတ်သက်လို့ အထောက်အကူပစ္စည်းတွေရှိတယ်။ ဒီအထောက် အကူပစ္စည်းတွေနဲ့ပတ်သက်လို့ Operation လုပ်တဲ့သူတွေ၊ Maintenance လုပ်တဲ့သူတွေက သူတို့ ဆရာဝန်တွေနဲ့ interest ဖြစ်နေတဲ့အတွက် သူတို့ဆေးလောကက တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက် သွားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ အဲဒီလိုနည်းပညာနဲ့ ပတ်သက်တဲ့ ဟိုဟာတွေ မဖြစ်ပါဘူး။ နောက်ပြီးတော့ အင်ဂျင်နီယာပညာရပ်က တအားကို ကမ္ဘာမှာ Develop ဖြစ်နေတာ၊ အရမ်း တိုးတက်နေတာပါ။ အဓိကအားဖြင့် ကျွန်တော်ပြောတဲ့ နည်းပညာ ခေတ်မီစက်ကိရိယာကြီးတွေ အရမ်းတိုးတက်လာတဲ့အခါမှာ ကျွန်တော်တို့ကိုယ်တိုင် ဖြစ်တဲ့ပုံစံ ထုတ်တဲ့လူတွေ၊ တည်ဆောက်တဲ့ လူတွေက အလွယ်တကူ မလိုက်နိုင်တော့ပါဘူး။ ဒီ တတိယအလွှာမှာရှိတဲ့ Operation နဲ့ Maintenance သမားတွေက ဒီဟာကို ချက်ချင်း ချဉ်းကပ်ရမှာပါ။

ကျွန်တော် ပြီးခဲ့တဲ့ (၂)လကျော်က စင်ကာပူပါလီမန် လေ့လာရေးခရီး ရောက်တဲ့အခါမှာ သူတို့ဆီမှာရှိတဲ့ Technical တွေ၊ လေ့ကျင့်ရေးသင်တန်းကျောင်းတစ်ခုကို ကျွန်တော် လေ့လာခွင့် ရခဲ့ပါတယ်။ အဲဒီမှာ (၁၄)နှစ်သား၊ (၁၅)နှစ်သားလောက်ကစပြီး သူတို့ ခေါ်ထားပါတယ်။ ခေါ်ထား ပြီးတော့ ကမ္ဘာပေါ်မှာ နောက်ဆုံးပေါ် ပေါ်နေတဲ့ စက်ကိရိယာကြီးတွေကို ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ အဲဒါကြီးကို အလုံးလိုက်ချပြီးတော့ ရာခိုင်နှုန်း(၉၀)ကျော်လောက်က လက်တွေ့ပါတဲ့ သီအိုရီတွေက (10)Percent လောက်ပါပြီး (၉၀)ရာခိုင်နှုန်းလောက် လက်တွေ့နဲ့ သူတို့ သင်တန်းပေး ပါတယ်။ ဒီကလေးတွေက Operator နဲ့ Maintenance ကို ဖြစ်ပြီးတော့ နည်းပညာအမြင့်ဆုံး ပစ္စည်းတွေကို ချက်ချင်းကိုင်တွယ်နိုင်တဲ့အဆင့်ရောက်နေပါပြီ။ ကျွန်တော်တို့ဆီကလည်း ကမ္ဘာပေါ်မှာ ရှိတဲ့ နောက်ဆုံးပေါ်အင်ဂျင်နီယာ ထုတ်ကုန်ပစ္စည်းတွေကို လက်တွေ့သုံးဖို့အတွက် ဒီတတိယအလွှာ ဖြစ်တဲ့ Operation နဲ့ Maintenance အပိုင်းကို လုပ်ရမှာပါ။ အဲဒါ ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ အရင်တုန်းကတော့ T.H.S Level ပေ့ါ။ စက်မှုသင်တန်း ကျောင်းတွေ ရှိရမှာပါ။ ဒါတွေက သူတို့လုပ်ရမယ့်အလုပ်ပါ။

အဲဒီတော့ လက်ရှိမှာတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီသင်တန်းကျောင်းတွေ၊ စက်မှုသင်တန်း ကျောင်းတွေက တော်တော်ကြီးကို အားနည်းနေပါပြီ။ အစိုးရကလည်း သူ့သက်ဆိုင်ရာ မေဂျာအလိုက်၊ ဝန်ကြီးဌာနအလိုက် လုပ်တာပဲ ရှိပါတယ်။ နိုင်ငံတကာ မှာကျတော့ ဘယ်လိုဖြစ်လဲဆိုတော့ ဥရောပသား တွေနဲ့အတူ ကျွန်တော် အင်ဂျင်နီယာလုပ်ငန်းတစ်ခုကို လုပ်ဖူးပါတယ်။ လုပ်တဲ့အခါမှာ သူတို့က ငယ်ငယ်လေးပါ။ အသက်နှစ်ဆယ်ကျော်၊ အစိတ်လောက်ပါ။ နှစ်ဆယ်ကျော်ကျော်လောက်ပဲ ရှိသေး တယ်။ ကျွန်တော်က B.E ဘွဲ့ပေမယ့် Theory ပိုင်းအရသာ ကျွန်တော် ပြောတတ်ပေမယ့် လက်တွေ့ ပိုင်းကျတော့ သူတို့က သာပါတယ်။ ကျွန်တော် လိုက်လို့မမီပါဘူး။ အဲဒီတော့ သူတို့က ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ နောက်ဆုံးပေါ်စက်တွေနဲ့ပေ့ါနော်။ အဲဒီမှာရှိနေတဲ့၊ သူတို့နိုင်ငံမှာရှိနေတဲ့ သင်တန်း ကျောင်းတွေမှာ ဆင်းတာလို့ ပြောပါတယ်။ သူတို့နိုင်ငံမှာရှိနေတဲ့ သင်တန်းကျောင်းတွေကလည်း ဒီကုမ္ပဏီတွေက ဒီပစ္စည်းနဲ့ပတ်သက်လို့ ကျွမ်းကျင်သူတွေ လိုချင်လို့ရှိရင် သူတို့ စပွန်ဆာကိုယ်တိုင် ကိုက ပေးပြီးတော့ သင်တန်းကျောင်းတွေမှာ လုပ်ရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလောကကလည်း အလွန်အရေးကြီးတဲ့လောက၊ ဖွံ့ဖြိုးမှုလောက ဖြစ်နေပါတယ်။

အဲဒီတော့ ကျွန်တော် သုံးသပ်တင်ပြလို့ရှိရင် အင်ဂျင်နီယာလောက သုံးပိုင်းဖြစ်တဲ့ ဒီဇိုင်း ပိုင်းရယ်၊ ပုံစံထုတ်တဲ့အပိုင်းရယ်၊ ကျွန်တော်တို့ တည်ဆောက်ရေးပိုင်းရယ် နောက် ပြုပြင် ထိန်းသိမ်းရေးနဲ့ Operation လုပ်တဲ့ပိုင်းရယ်က တစ်ပိုင်းစီ၊ ကဏ္ဍချင်းတစ်ခုစီက သဘောတရားချင်း မတူပါဘူး။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လယ်သမားက မျိုးစေ့ကနေ ဆန်စိုက်ပါတယ်။ ထွက်လာတဲ့ဆန်ကို ဟိုဘက်က ဆန်စက်ရုံက ကြိတ်ခွဲမှာပါ။ ဆန်စေ့ကို ကြိတ်ခွဲတဲ့ နည်းပညာကို စပါးစိုက်တဲ့တောင်သူများက ဘာမှလေ့လာစရာအကြောင်း မရှိပါဘူး။ ဒီ ဆန်စေ့ကို ကြိတ်ခွဲတဲ့ပညာကလည်း ဆန်စက်ကနေပြီးတော့ ဆန်အဖြစ် ကြိတ်ခွဲပြီးလို့ စပါးကနေ ဆန်အဖြစ် ကြိတ်ခွဲပြီးတဲ့ ထုတ်ကုန်ကို ပြီးလို့ရှိရင် သူ့ကဏ္ဍ ပြီးပါပြီ။ အဲဒီ ရရှိတဲ့ဆန်ကို တစ်ခါ ထမင်းဆိုင်ပိုင်ရှင်က ဆန်အမျိုးမျိုးဝယ်ပြီး ထမင်းချက်ပြီး ရောင်းတဲ့အခါ ဆန်စက်ပိုင်ရှင်က ဘာမှ လုပ်ပိုင်ခွင့် မရှိပါဘူး။ ဒီလို ဆန်စပါး လေးကိုတောင်မှ အပိုင်းသုံးပိုင်း ခွဲရသလိုမျိုးပါပဲ။ ကျွန်တော်တို့

အင်ဂျင်နီယာလောကမှာလည်း ပုံစံထုတ်တဲ့အပိုင်းရယ်၊ တည်ဆောက်ရေးနဲ့အပိုင်းရယ်၊ ပြုပြင်ထိန်းသိမ်းရေးအပိုင်း Operation လုပ်တဲ့အပိုင်းရယ် တစ်ပိုင်းချင်း မတူပါဘူး။ ဒီကဏ္ဍတွေကို ခွဲဖို့လိုပါတယ်။ ခုနဆွေးနွေးခဲ့တဲ့ ဆရာကြီး ဦးစိုးမြင့် ရဲ့ အပိုင်းမှာလည်း ကျွန်တော်တို့နိုင်ငံမှာ GTI B.Tech ဆိုတာက ထုတ်ထားတဲ့ပုံစံကို လက်တွေ့အကောင်အထည်ဖော်တဲ့လူပါ။ သူတို့မှာ စိန်ခေါ်ချက်တွေ ရှင်းရမယ့်ပြဿနာတွေ၊ ရုပ်ပိုင်းဆိုင်ရာပြဿနာတွေ၊ ပစ္စည်းပိုင်းဆိုင်ရာ ပြဿနာတွေ၊ ငွေရေးကြေးရေးပိုင်းဆိုင်ရာ ပြဿနာတွေ၊ ခုနပြောတဲ့ ပဲခူးမှာ ရာသီဥတုပိုင်းဆိုင်ရာ ပြဿနာတွေ၊ Location ပိုင်းပြဿနာတွေနဲ့ ရင်ဆိုင်ဖြေရှင်းရမယ့် နည်းပညာရှင်တွေပါ။

အဲဒီတော့ ကျွန်တော်တို့က ဒီကဏ္ဍနှစ်ခုကို ရောလို့မရဘူး။ ရောလိုက်လို့ရှိရင် ဘာဖြစ်သွားသလဲဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်ဖက်လုံးနစ်နာသွားမှာပါ။ ပုံစံထုတ်တဲ့ အပိုင်းကလည်း ပုံစံပီပီပြင်ပြင် မထုတ်တတ်ဘဲနဲ့ ဘာလို့လဲဆိုရင် GTI B.Tech ကို (၄)(၅)နှစ်လောက် လက်တွေ့ ပိုင်းကိုဒါကို သင်ပြီးတော့မှ (၂)နှစ်လောက်ရှိမှ သီအိုရီသင်လို့ရှိရင် ဘယ်လိုမှ သီအိုရီ သင်လို့ မရပါဘူး။ ကျွန်တော်တို့ ပုံစံထုတ်တဲ့သူက သီအိုရီကို (၉၀)ရာခိုင်နှုန်း သီအိုရီကို အခြေပြုတဲ့အတွက် အချိန်အများကြီး ပေးရပါတယ်။ မျဉ်းကြောင်းလေးတစ်ကြောင်း ဆက်ဖို့တောင်မှ ကျွန်တော်တို့က Calculation တွေ အများကြီးလုပ်ရတဲ့ အဆင့်ကို Practical အပိုင်းကို လုပ်လာတဲ့ (၄)၊ (၅)နှစ်ကို အဲဒီ (၁)နှစ်၊ (၂)နှစ်နဲ့ ပေးလို့မရပါဘူး။ ပေးလို့ရလို့ရှိရင်လည်း နှစ်ဖက်လုံးအတွက် နစ်နာသွားမှာပါ။

နောက်တစ်ခု မြန်မာပြည်မှာရှိတဲ့ B.Tech နဲ့ AGTI တွေဟာ ဘယ်လိုဖြစ်သလဲဆိုတော့ အဲဒီကျောင်းတွေရဲ့ ကျောင်းအုပ်တွေဟာ B.E ဆင်း၊ Ph.D ဆင်းတွေကိုပဲ ပါမောက္ခချုပ်ခန့်ပါတယ်။ ကျွန်တော့် သူငယ်ချင်းတွေလည်း ရှိပါတယ်။ အဲဒါလည်း လုံးဝမှားယွင်းပါတယ်။ ကျွန်တော်တို့ မသိတဲ့လောကမှာ AGTI ၊ B.Tech Level ကို ကျွန်တော်တို့မသိတဲ့ Field တွေ ရှိပါတယ်။ အဲဒါ ပုံစံထုတ်ကလူတွေဘက်က နိုင်ငံခြားကနေ Ph.D ရတိုင်း သွားခန့်လို့ မဖြစ်ပါဘူး။ ခန့်လိုက်လို့ရှိရင် ကျွန်တော်တို့ရဲ့ အလေ့အကျင့်စရိုက်နဲ့ သူတို့ရဲ့ အလေ့အကျင့်စရိုက် မတူပါဘူး။ ကျွန်တော်တို့ အလေ့အကျင့်စရိုက်နဲ့ သူတို့ကို သွားပြီးလုပ်လို့ရှိရင်လည်း သူတို့လည်း ထိခိုက်မှာပါ။ အဲဒါလည်း ကျွန်တော်တို့ B.Tech နဲ့ AGTI Level မှာ M.E တွေ၊ Ph.D Level ပုံစံထုတ်ကလူတွေကို ကျောင်းကို ပါမောက္ခချုပ်ထားနေတဲ့ကိစ္စကလည်း နှစ်ဖက်လုံးအတွက် နစ်နာတဲ့ကိစ္စ ဖြစ်ပါတယ်။

တစ်ဆက်တည်း တိုက်ဆိုင်လို့ပြောရရင် ပညာရေးလောကမှာ အခြေခံပညာမှာလည်း အဆင့်မြင့်ပညာနေ Ph.Dရတဲ့လူကို အခြေခံပညာ ကျောင်းအုပ်သွားထားတဲ့နေရာမှာလည်း ဒီလိုပါပဲ ပညာရေးလောက နှစ်ဖက်လုံး အခြေခံပညာမှာရော၊ အဆင့်မြင့်ပညာမှာရော နစ်နာပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ အပတ်က အလုပ်သမားကိစ္စနဲ့ ပတ်သက်လို့ ဒေါက်တာမြင့်ကြည် ကဆွေးနွေးတဲ့အခါမှာ မြန်မာပြည်မှာ အလုပ်သမားပေါင်း သန်း(၃၀)လောက်ရှိတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ ကမ္ဘာပေါ်မှာ ဒီကနေ့ ကျွန်တော်တို့နိုင်ငံလူဦးရေ သန်း(၃၀)မှာ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့အလုပ်သမားလည်း အများစုဖြစ်ပါတယ်။ ဒီနေ့ကမ္ဘာကြီးဟာ လူတွေ လက်နဲ့ ခြေနဲ့ နွားနဲ့ လုပ်တဲ့ခေတ်မဟုတ်တော့ပါဘူး။ နည်းပညာနဲ့ လုပ်တဲ့ခေတ်ရောက်လာပြီ၊ လယ်သမားတိုင်း က မြန်မာပြည်ရဲ့ အများဆုံးဖြစ်တဲ့ လယ်သမားတိုင်းက Technician ဖြစ်ရပါမယ်။ ဘာ Technician

ဖြစ်ရမလဲဆိုရင် စက်မှုလယ်ယာနဲ့ ပတ်သက်တဲ့ပစ္စည်းတွေ၊ သူတို့ ကျွမ်းကျင်အောင်၊ နားလည်အောင် ဒါတွေကို ကျွန်တော်တို့ လုပ်ရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော် အဓိက နိဂုံးချုပ်အနေဖြင့်တင်ပြရလျှင် ဒီ အင်ဂျင်နီယာ လောကကြီး တစ်ခုလုံးဖွံ့ဖြိုးဖို့ရာ သူ့အပိုင်းနဲ့ သူ့အလိုက် ဖွံ့ဖြိုးဖို့၊ တိုးတက်ဖို့ လုပ်ရမှာ ဖြစ်ပါတယ်။ ဆရာကြီး ဦးမျိုးမြင့် ရဲ့ အဆိုကတော့ အဆင့်မြင့်နည်းပညာတစ်ခုကိုပဲ ဖောင်းပေးပြီးတော့ ပြောတယ်လို့ ထင်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ လိုအပ်ပါတယ်။ တစ်ဖက်ကလည်းပေါ့နော်၊ ကျွန်တော်တို့ Alternative နည်းအရဆိုလို့ရှိရင် တခြားဘက်ကိုလည်း ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပါမယ်။ ကျွန်တော်တို့ဆီမှာ အဆင့်မြင့် ဒီဇိုင်နာကြီးတွေ၊ မိုးပြန်အောင် တော်နေတာကြီးတွေ၊ Ph.D Level ကြီးတွေ မိုးပြန်အောင်တော်နေတာရှိနေပြီးတော့ ဒါကို အကောင်အထည်ဖော်တဲ့လူတွေ၊ Management မလုပ်တတ်တဲ့လူတွေ၊ Operation နဲ့ Maintenance မလုပ်တတ်တဲ့ လူတွေ ရှိရင်တော့ ဒါ တစ်ဖက်စောင်းနင်း ဖြစ်သွားမှာပါ။ အင်ဂျင်နီယာပညာ Alternative ကို တစ်ဖက်က တည်ဆောက်ရေးအပိုင်းနဲ့ ပြုပြင်ထိန်းသိမ်းရေးအပိုင်းတွေကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ လိုနေပါပြီ။

နောက်ကမ္ဘာကြီးက ဘယ်လိုခေါ်မလဲ နည်းပညာပိုင်းဆိုင်ရာပစ္စည်းတွေက အချိန်မရွေး ထွက်နေတဲ့အတွက် ကျွန်တော်တို့ ဒီပုံစံထုတ်တဲ့လူနဲ့ တည်ဆောက်ရေးအပိုင်းတွေ မလိုက်နိုင်တဲ့ အပိုင်းတွေ အားနည်းချက်တွေ ရှိပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့အခြေအနေအရပါ။ ဒါပေမဲ့ Operation နဲ့ Maintenance အပိုင်းကတော့ ချက်ချင်းလိုက်နိုင်ရမှာပါ။ ကျွန်တော်တို့ နိုင်ငံတကာမှာ လုပ်နေတဲ့ပုံစံမျိုးပေါ့နော်။ စက်မှုသင်တန်းကျောင်းတွေ ဖွင့်တဲ့အခါမှာ ဒီစက်မှုသင်တန်းကျောင်းမှာ ဒီတိုင်းပြည်မှာ ဘာပစ္စည်းကို သူတို့က ဘာထုတ်ကုန်ကို ရောင်းချင်တယ်၊ အင်ဂျင်နီယာထုတ်ကုန် ဒါကိုရောင်းချင်လို့ရှိရင် ခင်ဗျားတို့ နမူနာပေး၊ ပေးတဲ့ပစ္စည်းကို ကျွန်တော်တို့ Training လုပ်ပေးမယ်။ ဒီပစ္စည်းနဲ့ ပတ်သက်လို့ တတ်ကျွမ်းတဲ့သူ များလာလို့ရှိရင် ဒီပစ္စည်းက ဒီနိုင်ငံမှာ သုံးလို့၊ စွဲလို့၊ ရောင်းရမယ်။ အဲဒီတော့ စက်မှု၊ အင်ဂျင်နီယာထုတ်တဲ့ ပစ္စည်းကုမ္ပဏီတွေနဲ့၊ ကျွန်တော်တို့ စက်မှု သင်တန်းကျောင်းတွေနဲ့ ချိတ်ပြီးတော့ကို စက်မှုကျွမ်းကျင်တဲ့ သင်တန်းတွေကို ကျွန်တော်တို့ နိုင်ငံအနှံ့ ဖွင့်ရတော့မှာပါ။ ဒီဟာ အများကြီးလိုအပ်နေပါပြီ။

ဘာလို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ ပြီးခဲ့တဲ့ အလုပ်ရှင်အလုပ်သမားပဋိပက္ခတွေမှာ လည်း အလုပ်ရှင်တွေဘက်က ငြီးတာရှိတယ်။ မြန်မာနိုင်ငံက အလုပ်သမားတွေက ဘာမှမတတ်ဘူး။ ဘာမှ နားမလည်ဘူးပေါ့နော်။ ဒါကြောင့် သူတို့ Cost of Rate ပေါ့။ တစ်ယူနစ် ထုတ်ကုန် တွေကို၊ မြန်မာနိုင်ငံက အလုပ်သမားတွေက ကျွမ်းကျင်မှုမရှိတဲ့ တစ်ယူနစ်ထုတ်ကုန်တွေ မြင့်နေတယ် ဆိုပြီး ပိုပြီးကုန်ကျနေတယ်ဆိုတာလည်း ပြတယ်။ အဲဒီတော့ ကျွန်တော်တို့ဆီမှာပေါ့နော်၊ အခြေခံ အလုပ်သမားဖြစ်တဲ့ အများစုဟာ Technician ကို ဖြစ်ရမှာပါ။ သူတို့အတွက် စက်မှုသင်တန်း ကျောင်းတွေကို အနီးစပ်ဆုံးပေးရမှာပါ။ မြို့နယ်တိုင်းတွေ တိုင်းနဲ့ပြည်နယ်အနှံ့ ဖွင့်ရမှာပါ။ ဖွင့်တဲ့ အခါမှာလည်း အစိုးရအထောက်အကူကြီးလည်း မဟုတ်ဘဲနဲ့ ဒီ ပြင်ပက ဒီပစ္စည်းကို ရောင်းချင်တဲ့ ကုမ္ပဏီနဲ့ ပူးပေါင်းပြီးတော့ ကျွန်တော်တို့ ထုတ်ရမှာပါ။ အင်ဂျင်နီယာလောကကြီးရဲ့ ထိပ်ပိုင်းဖြစ်တဲ့ ပုံစံထုတ်ရေးအပိုင်းတွေ အနည်းစုပဲ လိုအပ်ပါတယ်။ ဒီ ကျန်တဲ့လောကတွေအတွက် အင်နဲ့အားနဲ့ အများစုဖွံ့ဖြိုးတိုးတက်မှသာ ကျွန်တော်တို့ အင်ဂျင်နီယာလောကကြီး တစ်ပြိုင်တည်းဖွံ့ဖြိုးမှာပါ။

ဒီဖွံ့ဖြိုးတိုးတက်မှုသာ တိုင်းပြည်စီးပွားရေးကို အထောက်အကူဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၅။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၉-၁၀-၂၀၁၃ ရက်နေ့က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းခဲ့တဲ့ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်းပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်မည့် အစီအစဉ် (Realistic Scenario) ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အပြုသဘောနဲ့ ဆွေးနွေးသွားမှာဖြစ်ပြီး၊ မည်သူ့ကိုမှ ထိခိုက်နစ်နာစေလိုသော ဆန္ဒမရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်၏ ဆွေးနွေးချက်များမှာ အင်္ဂလိပ်ဝေါဟာရအသုံးများ ခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်။ ကျွန်တော်ဟာ ၁၉၆၈ ခုနှစ်မှာ စက်မှုတက္ကသိုလ် RIT မှာ စက်မှု Mechanical ဘာသာရပ်နဲ့ စတင် ပညာသင်ကြားခဲ့ပါတယ်။ အဲဒီတုန်းက တက္ကသိုလ်ဝင်တန်း (၁၀)တန်းစာမေးပွဲကို (၃)ရာခိုင်နှုန်း၊ (၄)ရာခိုင်နှုန်းသာ အောင်မြင်ကြပြီး၊ RIT ကျောင်းကိုလည်း တစ်မြို့နယ်မှ တစ်ဦး၊ နှစ်ဦးသာ တက်ရောက်နိုင်ခဲ့ပါတယ်။ ပထမ (၂)နှစ်မှာတော့ မိမိလျှောက်ထားတဲ့ ဘာသာရပ်မှာ သင်ယူရပြီး၊ တတိယနှစ်မှာ မိမိစိတ်ကြိုက်ဘာသာရပ်ကို ပြောင်းယူလို့ ရပါတယ်။ (၆)နှစ်သင်ယူ တတ်မြောက်ပြီး အောင်မြင်ပါက သက်ဆိုင်ရာ အင်ဂျင်နီယာဘွဲ့၊ B.E ဘွဲ့များ ရကြပါတယ်။ သင်တန်းကာလ တစ်ဆက်တစ်စပ်တည်း ဖြစ်မှသာ အဆင်ပြေမှာ သဘာဝကျမှာ ဖြစ်ပါတယ်။

ဥပမာ ပုံဆွဲသင်တန်း (Drawing)၊ အလုပ်ရုံသင်တန်းများ ပန်းပဲ (Black Smith)၊ ဂဟေဆော်သင်တန်းများ(welding)၊ Design၊ Mechanism စတဲ့ ဘာသာရပ်များဟာ တစ်ဆက်တစ်စပ်တည်း သင်ကြားကြရတာဖြစ်ပါတယ်။ ဦးစိုးမြင့် တင်ပြခဲ့သလို AGTI (၂)နှစ်၊ B.Tech (၂)နှစ်နဲ့ B.E (၁)နှစ် ဆိုတာတွေဟာ နိုင်ငံတကာမှာလည်း မရှိသလို၊ ကျွန်တော်တို့ဆီမှာလည်း မရှိသင့်တဲ့ ဒါ Syllabus များဖြစ်တယ်လို့ တင်ပြလိုပါတယ်။ နိုင်ငံတကာအဆင့်မီတဲ့ အင်ဂျင်နီယာ ဖြစ်စေမယ်ဆိုရင်တော့ သတ်မှတ်ထားတဲ့ သင်တန်းကာလဟာ (၆)နှစ်ပြည့်အောင် အပြီးအစီး သင်ကြားကြရမှာပဲ ဖြစ်ပါတယ်။

ကျောင်းပိတ်ရက်များမှာလည်း သက်ဆိုင်ရာ စက်ရုံများမှာ သွားရောက်ပြီး လက်တွေ့သင်ယူလေ့လာပြီး Practical Training များ ဆောင်ရွက်ကြရပါတယ်။ နောက်ဆုံးနှစ် Final Year မှာလည်း ပုံစံလုပ်ခြင်း (Mold)၊ ဒီဇိုင်းဆွဲခြင်းနဲ့ စာတမ်းတင်ခြင်း Thesis များကို စနစ်တကျဆောင်ရွက်ကြရပြီး လိုအပ်သည်များကိုလည်း သက်ဆိုင်ရာမှ ကူညီပံ့ပိုးပေးကြပါတယ်။

ဥပမာ - ပုံစံထုတ်လုပ်ရာ လိုအပ်တဲ့ ကြေးတို့၊ သံတို့ အစရှိသဖြင့် စက်သုံးပစ္စည်းများကိုလည်းပဲ လိုအပ်တဲ့ပစ္စည်းများကို ထောက်ပံ့ပေးတာဖြစ်ပါတယ်။ အင်ဂျင်နီယာဘွဲ့ရဖို့ အလွန်ကြိုးစားရပါတယ်။ ဒုတိယနှစ်နဲ့ စတုတ္ထနှစ်တွေမှာ ကျောင်းသားဦးရေတစ်ဝက်လောက် စာမေးပွဲကျကြပါတယ်။ တချို့ ဘွဲ့မရဘဲ ထွက်သွားရပြီး ရိုးရိုးမေဂျာ တက်ကြရသူတွေလည်း ရှိပါတယ်။ နောက်ဆုံး ကုန်ကုန်ပြောရရင် စိတ္တဇဆေးရုံ ရောက်ကြတဲ့သူတွေတောင် ရှိပါတယ်။ ကျွန်တော် ဆိုလိုတာကတော့ အင်ဂျင်နီယာဘွဲ့ကို အလွယ်တကူ မရနိုင်တာကို တင်ပြခြင်းဖြစ်ပါတယ်။ မဟာအင်ဂျင်နီယာဘွဲ့ ရဖို့ဆိုတာ အလွန်ကို ကြိုးစားမှရတာပါ။ ယခုအချိန်မှာ ဒေါက်တာဘွဲ့ရ အင်ဂျင်နီယာတွေ အများကြီး တွေ့ရတော့ ကျွန်တော့်အနေနဲ့ များစွာပီတိဖြစ်မိပါတယ်။

သို့သော်လည်း လူလူချင်းတိုက်မိရင် Sorry ဒေါက်တာလို့ ပြောရင် မမှားဘူးတဲ့။ မြင်မြင်သမျှ ပါမောက္ခတွေ ဖြစ်နေကြတာလို့ မိတ်ဆွေတစ်ယောက်က ပြောဖူးတာကိုတော့ မှတ်သားဖူးပါတယ်။ ဒါတွေကိုတော့ အကောင်း/အဆိုး သုံးသပ်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားသင်္ဘောမှာ အမှုထမ်းချင်ရင် သင်္ဘောကျင်း အတွေ့အကြုံ Dockyard Service နဲ့ MOT လို့ခေါ်တဲ့ (Marine Officer Training Course Certificate) တွေ ရပြီးမှ သင်္ဘောတက်ကြရတာ များပါတယ်။ နိုင်ငံတကာရဲ့ လေးစားမှုကိုလည်း ခံရပါတယ်။ ကျွန်တော်တို့တုန်းက (၉)တန်းအောင်ပြီး GTI တက်တယ်၊ ဆက်ပြီး RIT ဝင်ခွင့်ရအောင်ကြိုးစားပြီး (၄)နှစ်ဆက်တက်တယ်။ ပြီးရင် B.E ဘွဲ့ရတဲ့သူတွေ ရှိပါတယ်။ GTI (၃)နှစ်နဲ့ RIT (၄)နှစ်ပေါင်း (၇)နှစ်တက်ပြီး B.E ဘွဲ့ရတဲ့သူတွေဟာ တကယ်အရည်အချင်းရှိတဲ့သူတွေပါ။ (၁၀)တန်းမအောင်လည်း သူတို့ရတဲ့ B.E ဘွဲ့ကို နိုင်ငံတကာက လက်ခံပါတယ်။ အဲဒီလို ဘဝတက်လမ်း အလားအလာရှိမယ့် ချိတ်ဆက်နိုင်မယ့် အခွင့်အလမ်းမျိုးလည်း ရှိသင့်ပါတယ်။ ပေးသင့်ပါတယ်။ ထို့အတူ (၈)တန်းအောင်ပြီး စက်မှုလက်မှု အထက်တန်းကျောင်းတက်၊ အရည်အချင်းပြည့်မီပါက စက်မှုတက္ကသိုလ် ပထမနှစ်မှာ စတင်ပြီး B.E ဘွဲ့ရတဲ့လူ ပေါင်းကူးတံတားများကိုလည်း ပေးသင့်ပါတယ်။

ကြုံကြိုက်လို့ ကျွန်တော်တို့တုန်းက (Stipend) ပညာသင်ထောက်ပံ့ကြေးပုံစံလေးကို တင်ပြလိုပါတယ်။ စာတော်ပြီး ကျောင်းဆက်မတက်နိုင်တဲ့သူတွေကို နိုင်ငံတော်က ထောက်ပံ့တာ ဖြစ်ပါတယ်။ တစ်လကို Stipend ထောက်ပံ့ကြေးရသူဟာ (၇၅)ကျပ်ရပါတယ်။ ထမင်းလခ (၄၃)ကျပ်၊ ကျောင်းလခ (၁၅)ကျပ်နဲ့ အဆောင်ခ(၁၄)ကျပ်၊ ပေါင်း(၇၂)ကျပ် ဖြစ်ပါတယ်။ (၃)ကျပ်ပိုတာကို စက်မှုတက္ကသိုလ်မဂ္ဂဇင်း ဝယ်ဖတ်လို့ရပါတယ်။ အဲဒီကျောင်းသားဟာ စာမေးပွဲမကျဘဲ ဆက်တိုက်အောင်ရင် ဘွဲ့ရတဲ့အထိ ထောက်ပံ့ပါတယ်။ အဲဒီလို နိုင်ငံတော်က ထောက်ပံ့ပြီး၊ နိုင်ငံတော်အတွက် ပညာရှင်ကြီးတွေ အများကြီး မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ အဲဒီအစဉ်အလာဟာ နိုင်ငံတော်အတွက် ကောင်းမွန်တဲ့အစဉ်အလာတစ်ခုဖြစ်တဲ့အတွက် နိုင်ငံတစ်ဝန်းမှာရှိတဲ့ ရွက်ပုန်းသီး ဆင်းရဲနွမ်းပါးတဲ့

ပညာရည်ချွန် မောင်မယ်များအတွက် အားဆေးတစ်ခွက် ဖြစ်ခဲ့ပါတယ်။ ဒီကောင်းတဲ့အစဥ်အလာကိုလည်း နိုင်ငံတော်မှ ပြန်လည်စဥ်းစားပေးဖို့ ပန်ကြားလိုပါတယ်။

RIT ကျောင်းကြီးဟာ ဉာဏဗလကောင်းစေရန် အင်ဂျင်နီယာပညာ တစ်ခုတည်းကို သင်ကြားတတ်မြောက်အောင် သင်ကြားပေးတာသာမက တိုင်းရင်းသား ညီအစ်ကိုမောင်နှမ ချစ်ကြည်စည်းလုံးတဲ့ မိတ္တဗလတွေ တိုးတက်အောင်၊ အားကစားထူးချွန်တဲ့ပုဂ္ဂိုလ်များ မွေးထုတ်ပေးခြင်းဖြင့် ကာယဗလများဖွံ့ဖြိုးစေပြီး ကိုယ်ကျင့်တရားကောင်းစေရန် ဆရာများမှ သွန်သင်ခြင်းဖြင့် စာရိတ္တဗလကို ပိုမိုခိုင်မာပြီး နိုင်ငံအနှံ့ အပေါင်းအသင်းများနှင့် လုပ်ငန်းများ လုပ်ကိုင်ရာမှာ အဆင်ပြေတဲ့ ဘောဂဗလများကိုလည်း ရစေတာ ဖြစ်ခဲ့ပါတယ်။ နိုင်ငံတော်မှ ၂၀၁၃ ခုနှစ် စတင်ပြီး (၅)နှစ်စီမံကိန်းအဖြစ် အင်ဂျင်နီယာဆိုင်ရာ အဆင့်မြင့်ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေး စီမံကိန်းကို ဆောင်ရွက်နေပြီဖြစ်လို့ နည်းပညာတက္ကသိုလ်များ အကျိုးဖြစ်ထွန်းလာတော့မှာ ဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေး နည်းပညာတက္ကသိုလ်များ အဆင့်မြင့်နိုင်ရန် ဂျပန်နိုင်ငံမှ Kyoto University အပါအဝင် ဂျပန်တက္ကသိုလ် (၇)ခုဖြစ်တဲ့ Kyoto University၊ Chiba University ၊ Niigata University Kanagawa University ၊ Okayama University ၊ Nagasaki University ၊ Kumamoto University တို့ဟာ JICA ပံ့ပိုးမှု အကူအညီပေးရန် သဘောတူတဲ့အတွက် အင်ဂျင်နီယာဘာသာရပ် (၉)ခုကို လုပ်ဆောင်နိုင်မှာဖြစ်ပြီးတော့ သင်ကြားရေးနဲ့ သုတေသနလုပ်ငန်းများမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်လို့ ဝမ်းမြောက်စွာ ကြိုဆိုပါတယ်။

သင်ကြားရေးဝန်ထမ်းများ ဖလှယ်ခြင်းအားဖြင့်လည်း နိုင်ငံတကာသင်ကြားမှု နည်းစနစ်များကို အပြန်အလှန် မျှဝေနိုင်ပြီး ပိုမိုထိရောက် အောင်မြင်လာနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသားများ ဖလှယ်ခြင်းအားဖြင့်လည်း နိုင်ငံတကာ အတွေ့အကြုံများ၊ ပညာသင်ယူမှုနည်းပညာများ၊ ဘာသာစကား၊ ယဥ်ကျေးမှု ဓလေ့ထုံးစံများနဲ့ ရင်းနှီးကျွမ်းဝင်လာမှာ ဖြစ်ပါတယ်။ သုတေသနဆိုင်ရာ အစည်းအဝေးများကျင်းပခြင်းအားဖြင့် နိုင်ငံတကာသုတေသနဆောင်ရွက်မှု အတွေ့အကြုံသစ်များရနိုင်ပြီး သုတေသနလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်မှာဖြစ်လို့ ဝမ်းသာပီတိဖြစ်ရပါတယ်။

Technician များ မွေးထုတ်ပေးရန် နိုင်ငံတော်မှာ ကျောင်း(၆)ကျောင်း ဖွင့်လှစ်ပြီး ဆောင်ရွက်နေသော်လည်းပဲ မကြာခင်မှာ ဝင်ရောက်လာမယ့် Foreign Direct Investment များ ပြည်နယ်များမှာပါ ရောက်ရှိလာမှာဖြစ်တဲ့အတွက် ပြည်နယ်များမှာပါ ထပ်မံပြီးတော့ Technician ကျောင်းတွေ ဖွင့်ပေးသင့်တယ်လို့ ထင်ပါတယ်။ ဒါမှသာကျွမ်းကျင်သော Technician များဟာ ပြည်နယ်များမှာလည်း ထွက်ပေါ်လာပြီး နိုင်ငံတော်အတွက် အထောက်အကူပြုလာမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ RIT ကျောင်းကြီးဟာ နိုင်ငံတော်ရဲ့ အမျိုးသားရေးမူဝါဒ National Policy တစ်ခုဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးတဲ့ ကျောင်းကြီးတစ် ကျောင်းလည်း ဖြစ်ပါတယ်။ RIT မှာ တက်ကြသူတွေဟာ တိုင်းရင်းသားအားလုံး ပါဝင်ပါတယ်။ (၆)နှစ်အတူတကွ နေကြရလို့ ချစ်ခင်ကြပါတယ်။ စည်းလုံးကြပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားက ကျောင်းလာတက်တဲ့သူနဲ့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်က ကျောင်းလာတက်တဲ့သူတို့ ဖူးစာဆုံတွေ့ခဲ့ကြတဲ့ လူတောင် ရှိပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ RIT မှာ A,B,C,D,E,F,G ဆိုတဲ့ အဆောင်တွေရှိပြီး

အတူတကွ၊ တရင်းတနှီး နေထိုင်ကြခဲ့သူတွေ ဖြစ်ပါတယ်။ Hostel Life လို့ခေါ်တဲ့ ကျောင်းဆောင်နေဘဝကို ပြန်လို့တောင်မှ လွမ်းမိပါတယ်။ ဒါတွေဟာ RIT ရဲ့ Once upon a Time တစ်ရံရောအခါက RIT ကျောင်းတော်ကြီးရဲ့ ပုံရိပ်များပဲ ဖြစ်ပါတယ်။ RIT အဆောင်တွေ ပြန်လည်အသက်ဝင်ပြီး တိုင်းရင်းသား ကျောင်းသား/ကျောင်းသူအားလုံး တစ်စည်းတစ်လုံးတည်း နေထိုင်ပြီး စာသင်ကြားနိုင်တဲ့ဘဝ အမြန်ဆုံးရောက်နိုင်ကြပါစေလို့ပဲ ဆုတောင်းပါတယ်။ ဒါတွေ ဆွေးနွေးတင်ပြရခြင်းဟာ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ ပေါ်ပေါက်လာပြီး အရည်အချင်း ပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနဲ့ အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်နိုင်ရန် ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် နိဂုံးချုပ်အားဖြင့် တင်ပြလိုတာကတော့ (က) အင်ဂျင်နီယာဘာသာရပ်များကို (၆)နှစ်ပြည့်ဝစွာ သင်ကြားပေးပြီးမှ B.E ဘွဲ့ပေးရန်၊ (ခ) စက်မှုအထက်တန်းကျောင်း GTI တို့မှ တစ်ဆင့်ပေါင်းကူး၍ စက်မှုတက္ကသိုလ် တက်ရောက်နိုင်အောင် ဆောင်ရွက်ပေးရန်၊ (ဂ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေးအတွက် ယခင်ကကဲ့သို့ ရှိပြီးအဆောင်များမှာ နေစေပြီး Hostel Life ရရှိအောင် ဆောင်ရွက်ပေးရန်၊ (ဃ) တက္ကသိုလ်ပိတ်ရက်များတွင် စက်ရုံအသီးသီးသို့ လက်တွေ့သင်ယူမှုများရရှိအောင် ဆောင်ရွက်ပေးရန်၊ (င) နောက်ဆုံးနှစ်မှာ စာတမ်းများ၊ ပစ္စည်းပုံစံထုတ်လုပ်မှုများတွင် လိုအပ်သောပစ္စည်းများ ကူညီပံ့ပိုးပေးရန်၊ (စ) ဆင်းရဲနွမ်းပါးသော ပညာရည်ချွန်မောင်မယ်များအတွက် သင့်တင့်သော ပညာသင်ထောက်ပံ့ကြေးများ ဖြည့်ဆည်းပေးရန်၊ (ဆ) မဟာသင်တန်းနဲ့ ပါရဂူသင်တန်းများ တက်ရောက်မယ့်သူများအား သက်ဆိုင်ရာ နည်းပြဆရာများ၊ ကထိကများ၊ ပါမောက္ခများမှ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါရန်နှင့် မန္တလေးတိုင်းဒေသကြီး အမှတ်(၆)မှ ဦးမျိုးမြင့် ရဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၆။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာသော ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာမေတ္တာပို့ရင်း ဂါရဝပြုလိုက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးမျိုးမြင့် ရဲ့ အဆိုကို ကျွန်တော် ထောက်ခံတဲ့အပြင်၊ ဆွေးနွေးထောက်ခံတဲ့အပြင်ကို အဆင့်မြင့်ပညာရေးနဲ့ ပတ်သက်ပြီးတော့ ထပ်မံအကြံပြုလိုပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ လက်တွေ့လိုအပ်တဲ့ပညာရပ်ဆိုရင် စက်မှုပညာရပ်ပဲ ဖြစ်ဖြစ်၊ ဆေးပညာရပ်ပဲဖြစ်ဖြစ် ကျွန်တော်တို့ လက်တွေ့နဲ့ တွဲပြီးတော့ ပညာသင်ကြားနိုင်ဖို့က အင်မတန်အရေးကြီးပါတယ်။ ကျွန်တော်တွေ့တဲ့ အချို့နိုင်ငံတွေမှာဆိုရင် အင်ဂျင်နီယာတွေဟာ သူတို့နဲ့ ဆိုင်တဲ့၊

အတန်းကြီးလာတဲ့အခါကျတော့ သူတို့နဲ့ဆိုင်တဲ့ ပညာရပ်နဲ့ ကုမ္ပဏီတွေ၊ အလုပ်ရုံတွေ၊ အလုပ်ဌာနတွေဟာ အဲဒီကျောင်းသားတွေကို လက်ခံပေးရတယ်။ ဒါ သတ်မှတ်ချက်တစ်ခုအနေနဲ့ ဒါလက်ခံပေးရတယ်။ လခပါပေးရတယ်၊ အလုပ်သင်လခ၊ ကျောင်းပိတ်တဲ့အချိန် (၃)လဆိုရင်၊ လက်တွေ့သွားဆင်းပါတယ် ဆိုတဲ့ဟာ အလကားမဖြစ်ဘူး။ ထမင်းစရိတ်ပါရတယ်။ တည်းခိုတဲ့နေရာ ပါရတယ်။ လခအပိုကလေး ကျောင်းစရိတ်ပါရတယ်။ အဲဒီတော့မှ ဒီလက်တွေ့လိုအပ်တဲ့ လုပ်ငန်းမှာ ပညာသင်ကြားရင်းနဲ့ လက်တွေ့ပါ ရတဲ့အတွက်ကြောင့် ပညာပြီးဆုံး လက်မှတ်ရပြီးတဲ့အခါကျတော့ အလုပ်ခွင်ထဲ ဝင်တဲ့အခါ အလုပ်လုပ်တတ်ပါတယ်။ ဒါ အင်မတန်အရေးကြီးတဲ့အရာ၊ ဒါ အင်မတန် လက်တွေ့ကျတဲ့ကိစ္စပါ။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီအဆင့်ကိုတော့ လုပ်ဖို့အခက်အခဲရှိသေးတယ်။ အခက်အခဲရှိတယ်ဆိုပေမယ့် ကျွန်တော်တို့ တတ်နိုင်သလောက် ဒါကို စီစဉ်ပေးဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ ဆေးပညာမှာလည်းပဲ ဒီအတိုင်းပဲ။ စာတတ်ရုံနဲ့ မရဘူး။ လက်တွေ့ရအောင်ကံကောင်းလို့၊ ဆေးရုံတွေများတယ်။ လေ့လာခွင့်ရတယ်။ ဒါပေမဲ့ ပစ္စည်းကိရိယာ မပြည့်စုံဘူးဆိုရင်လည်း အဆင့်အတန်းမီတဲ့အဆင့်ကို မရောက်နိုင်ဘူး။ ရောက်ဖို့ခဲယဉ်းတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ အင်ဂျင်နီယာနဲ့ ပတ်သက်တဲ့ လုပ်ငန်းမှာလည်းပဲ လက်တွေ့မှာ အလေးအနက်ထားဖို့ ဒါလည်း လိုအပ်ပါတယ်။ နောက်ပြီးတော့ ဆရာဆိုတာလည်း လိုအပ်ပါတယ်။ ဘယ်ပညာရပ်မှာမဆို ဆရာ၊ ကျွမ်းကျင်တဲ့ဆရာ၊ စေတနာရှိတဲ့ဆရာ ဒါလည်းလိုအပ်ပါတယ်။ ကျွမ်းကျင်တဲ့ ဆရာဆိုတာ ဒီကနေ့ပင် Technology ပိုင်းနဲ့ ပတ်သက်ပြီးတော့ဆိုရင် ဒါကမ္ဘာနဲ့ ယှဉ်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတကာကပညာရပ်ကို လာသင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ဆီက ဆရာက ဒါနိုင်ငံတကာမှာ ပညာသင်ဖို့လည်း လိုတယ်။ ပညာဆည်းပူးဖို့လည်းလိုတယ်။ နောက်ပြီးတော့ နိုင်ငံတကာက ဆရာတွေလည်း ကျွန်တော်တို့ဆီမှာ အထောက်အကူ ရဖို့လည်း လိုတယ်။ အဲဒါလည်း ကျွန်တော်တို့ စဉ်းစားဖို့ အများကြီးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ တက္ကသိုလ်ရဲ့ ပညာရေးစနစ်ဟာ ၁၉၆၂ ခုနှစ်နောက်ပိုင်းကနေစပြီးတော့ စနစ်သစ် တစ်ခါပြီးတစ်ခါပြုပြင်ပြောင်းလဲခဲ့တယ်။ ရည်ရွယ်ချက်ကတော့ ပိုကောင်းမယ်လို့ ထင်တာပဲ။ ဒါပေမဲ့ ထပ်ခါထပ်ခါ ပြောင်းလဲလာတဲ့အခါကျတော့ တော်တော်လေးကျဆင်းသွားတယ်။ ၁၉၉၀ နောက်ပိုင်းမှာကျတော့ တက္ကသိုလ်ပညာရေးဟာ တောနယ်ဘက်၊ ဆင်ခြေဖုံးဘက်ကို ရောက်သွားတယ်။ ဒါဟာ ကျွန်တော် ပညာသင်ကြားတဲ့ ဘဝအတွေ့အကြုံနဲ့ ပြောင်းပြန်ဖြစ်နေတယ်။ ကျွန်တော် ၁၉၆၅ ခုနှစ်လောက်က ကျွန်တော်တစ်မျိုးစဉ်းစားတယ်။ ကျွန်တော်သာ ရန်ကုန်မှာ ပညာသင်ရရင် ရေးမြို့မှာ ပညာသင်တာထက် အများကြီး ဗဟုသုတပိုရမယ်။ အခွင့်အလမ်း ပိုရမယ်။ ပိုတိုးတက်မယ်ဆိုပြီးတော့ ရည်ရွယ်ပြီးတော့ ရန်ကုန်တစ်ခါမှ မရောက်ဖူးဘူး။ အဲဒါနဲ့ ရန်ကုန်ကို တက်လာတယ်။ အဟုတ်ပဲ။ ရန်ကုန်မှာ ဆရာကောင်းတွေများတယ်။ နောက်ပြီးတော့ ဗဟုသုတရတာများတယ်။ ကျောင်းမှာ သင်တာထက်ကို အပြင်ဗဟုသုတလည်း အများကြီးရတယ်။ လေ့လာမှုအတွက် ကျွန်တော် မျက်စိ၊ နား ဗဟုသုတ ပိုပြီးတော့ ပွင့်လင်းလာတဲ့အခါကျတော့ ရန်ကုန်မှာ ကျွန်တော် တစ်နှစ်နေတာ၊ ကျွန်တော့် အသက်အရွယ်နဲ့ အဲဒီအချိန်က နိုင်ငံနဲ့ကိုယ်က ယှဉ်နိုင်တဲ့ အဆင့်ရောက်သွားတယ်။ အဲဒီအချိန်က တကယ်လို့ တောမှာပဲ နေပြီးတော့ ကျွန်တော်တို့ ကြိုးစားတယ်ဆိုပေမယ့် တစ်ခါတလေ အများအားဖြင့် ဘာလဲဆိုတော့ ဒီပြည့်ပြည့်စုံစုံကို ရရှိဖို့

မလွယ်ဘူး။ အဲဒီတော့ ကျွန်တော် ရန်ကုန်မှာ တစ်နှစ်နေတော့ ကျွန်တော် ဆေးတက္ကသိုလ် ရောက်တယ်။ ဆေးတက္ကသိုလ် ရောက်ပြန်တော့လည်းပဲ တော်တဲ့ ကျောင်းသားတွေချည်းပဲ။ တစ်နိုင်ငံလုံးက လာပြီးတော့ စုကြတယ်။ တော်တဲ့ဆရာတွေနဲ့ ပညာသင်ကြားရတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ တိုးတက်မှုဟာ၊ ပညာရေးအတွက် တိုးတက်မှုဟာ ကျွန်တော်တို့မှာ အခွင့်အလမ်း အဲဒါ အင်မတန်ကောင်းတယ်။ ဒီရန်ကုန်မြို့ကြီးမှာ နေရတဲ့အတွက်ကြောင့်၊ နောက်တစ်ခု ကျွန်တော် တတိယနှစ်အစမှာဆိုရင် အခက်အခဲ အများကြီးဖြစ်တယ်။ အခက်အခဲ အများကြီးဖြစ်တော့ အဲဒီအခက်အခဲကို ဘယ်လိုကျော်လွှားသလဲဆိုတော့ ဆရာတွေရဲ့ လမ်းညွှန်မှုနဲ့ စာကြည့်တိုက်ရဲ့ အကူအညီအထောက်အပံ့နဲ့ ကျွန်တော် အခက်အခဲတွေ့တဲ့ ဘာသာဟာ လွယ်ကူတဲ့ဘာသာရပ် ဖြစ်လာတယ်။ နားလည်လာတယ်။ တတ်လာတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ကျွန်တော်စဥ်းစားတယ်။ ကိုယ်ချင်းစာတယ်။ အခုခေတ် တက္ကသိုလ်တွေ တောနယ်ဘက်ကို ပို့လိုက်တယ်။

ကျွန်တော်တို့ကျတော့ တွက်တာက တောနယ်ကနေ မြို့ကိုတက်ရင် မြို့က ဗဟုသုတ၊ လူမှုရေး၊ ပညာရေး ဗဟုသုတမျိုးစုံလည်း ရတယ်။ နောက် ပညာရေးနဲ့ ပတ်သက်ပြီးတော့ ကိုယ့်မှာ အခက်အခဲရှိလာရင် ဖြေရှင်းဖို့လွယ်တယ်။ ကျွန်တော် အဲဒီ ရန်ကုန်တက္ကသိုလ်တက်လာတယ်။ ရန်ကုန်ကို (၁၀)တန်းနှစ်မှာ တက်လာတဲ့အခါမှာ ကျွန်တော်ကိုယ်တိုင် ကျူရှင်မတက်ဘူး။ ဒါပေမဲ့ အတန်းထဲမှာရှိတဲ့ သူငယ်ချင်းတွေ ကောင်းတဲ့ ကျူရှင်တက်တဲ့အခါကျ တက်ထားတဲ့ကျူရှင်ကို ကျွန်တော် အကုန်လုံး တောင်းကြည့်လိုက်တယ်။ ဒါပြီးပြီ။ ရန်ကုန်တစ်မြို့လုံးရဲ့ ကျူရှင်ကို ကျွန်တော် အရေးကြီးတဲ့အချက်ကို ကျွန်တော်ရတယ်။ ဒါ ဘာကြောင့်လဲ။ ရန်ကုန်မှာ နေတယ်။ ကျွန်တော် တက္ကသိုလ်မှာတုန်းကလည်း အဲဒီအတိုင်းပဲ။ တက္ကသိုလ်မှာ စာကြည့်တိုက်က စာအုပ်တွေပြည့်စုံတယ်။ ဆရာကပြောလိုက်တယ်။ ဘာစာအုပ်သွားရှာ။ ဒါနားမလည်ရင် ဟောဒီစာအုပ်ကောင်းတယ်ဆိုရင် သွားရှာတယ်။ လေ့လာကြည့်။ ဟိုက Lecture ပေးတာနဲ့၊ အဲဒီစာအုပ်နဲ့၊ ဆရာနဲ့ဆွေးနွေး ဒါနဲ့ဆိုပြေလည်ပြီ။ အဲဒါဟာဆိုရင်။ ကျွန်တော်တို့ ဘာလဲဆိုတော့ တက္ကသိုလ်ဆိုတာ ပြည့်စုံဖို့ လိုတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ တက္ကသိုလ်မှာ အခုဌာနပေါင်းစုံ၊ လိုင်းပေါင်းစုံ တက္ကသိုလ်။ တက္ကသိုလ်ဆိုတာက တက္ကသိုလ်မှာ သင်ပေးတဲ့ ပညာအပြင်ကို ဗဟုသုတမျိုးစုံရဖို့၊ အတွေ့အကြုံ မျိုးစုံရဖို့၊ အခြေခံရသွားဖို့။

နောက်ပြီးတော့ နောင်တစ်ချိန်မှာ ဆက်လက်ပြီးတော့ တက္ကသိုလ်ကျောင်းပြီးလည်းပဲ ပညာကို ကိုယ့်ဟာနဲ့ကိုယ်နဲ့ ဆက်ပြီးတော့ လေ့လာနိုင်အောင် မျိုးစေ့ချပေးဖို့ အများကြီးလိုတယ်။ နောက်ဒီခေတ်အနေနဲ့က ဘာလဲဆိုတော့ IT ခေတ်လို့ ပြောကြတယ်။ နောက် Globalization လို့ ပြောကြတယ်။ တကယ်လည်း ဟုတ်ပါတယ်။ အဲဒါကို မှီဖို့ဆိုတာ အဆက်အသွယ်မကောင်းတဲ့ တောကိုပို့ခြင်းအားဖြင့် ဒါဟာမှီဖို့အတွက်၊ ဒါကိုမှီဖို့အတွက် အထစ်အငေါ့ အခက်အခဲဖြစ်စေတယ်။ ကဲတောမှာနေရင် ကိုယ်က စာကြည့်တိုက် ကောင်းကောင်း၊ စာအုပ်ဆိုင်ကြီးကြီး ဘယ်မှာသွားရှာမလဲ။ မြို့မှာနေတယ်ဆိုရင် အနည်းဆုံး စာအုပ်ဆိုင်ကြီးကြီးတွေ တွေ့မယ်။ စာကြည့်တိုက်ကြီးကြီးတွေ ရှိမယ်။ အင်တာနက်ဆိုင်တွေရှိမယ်။ နောက်ဒီအပြင် ပညာတတ် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့ ခဏခဏ တွေ့နိုင်တယ်။ အဲဒီတော့ ဒီတိုးတက်မှုအတွက်၊ ကလေးတွေ တိုးတက်မှုအတွက်ကို ဒီတက္ကသိုလ်

ကျောင်းဆိုတာ အင်မတန် အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်အတွက်လည်း အင်မတန် အရေးကြီးပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဟာ အခုမနှစ်က ဖြစ်တဲ့ကိစ္စက ကျွန်တော်တို့ဆီမှာ စာတွေ ရောက်လာပါတယ်။ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားဖွံ့ဖြိုးရေး အစီအစဉ်တွေနဲ့ တိုင်းရင်းသား ဖွံ့ဖြိုးရေးကောလိပ် ဆိုတာ မန္တလေးမှာ ဖွင့်ထားတယ်။ ဒါကြောင့်မနှစ်က စစ်ကိုင်းတိုင်းမှာ၊ စစ်ကိုင်းမှာ ရှိတဲ့ အရင်က ကျောင်း၊ တက္ကသိုလ်ဟောင်းကို ပြန်ပို့တယ်။ ကလေးတွေ မကျေမနပ် တော်တော်လေး ဖြစ်ကြတယ်။ ဒုက္ခ အခက်အခဲလည်း အများကြီးရှိတယ်။ အဲဒီတော့ တိုင်းရင်းသားကလေးတွေ၊ နယ်စပ်ဒေသက လာတဲ့ကလေးဟာ ကျွန်တော်တို့ မြို့မှာ ထားခြင်းအားဖြင့် မြို့ရဲ့ ဗဟုသုတ၊ မြို့ရဲ့လူမှုရေး မျိုးစုံရတယ်။ တောကနေမြို့ကို တက်ရမယ် အဓိပ္ပာယ်က။ အခုတော့ တစ်ခါတည်း တောကလူက တောကို ပြန်ပို့တယ်။ နောက်ပြီးတော့ မြို့ကလူလည်း တောကို ပို့တယ်ဆိုတော့ ကျွန်တော်တို့ အခုနက ကျွန်တော်ပြောတဲ့ IT တို့၊ Globalization တို့၊ High Technology တို့ အဲဒါတွေနဲ့ အလှမ်းက အလိုလိုဝေးစေပါတယ်။ ဒါပေမဲ့ ဒီတက္ကသိုလ်ပညာရေးစနစ်ကို ကောင်းစေချင်မှ ကောင်းအောင်၊ တိုးတက်အောင် အစိုးရရော၊ ဝန်ကြီးဌာနရောဟာ စေတနာတော့ရှိမယ်လို့ ကျွန်တော် ထင်ပါတယ်။ ကြိုးစားပြီးတော့လည်း လုပ်နေတယ်လို့ထင်ပါတယ်။ ဒါပေမဲ့ နှေးကွေးသေးတယ်။ ရတဲ့အခွင့်အလမ်း ကိုတောင်မှ မြန်မြန်မယူတဲ့ သဘောမျိုးရှိတယ်။

ကျွန်တော်တွေ့တဲ့ အတွေ့အကြုံတစ်ခု၊ ဘာလဲဆိုတော့ ဒီအမေရိကန်က NGO တစ်ခု ဖြစ်တဲ့ Point Design and Training၊ အဲဒီ NGO က ဒီမွန်ပြည်နယ်၊ မော်လမြိုင်တက္ကသိုလ်မှာ ပညာရေး၊ လူမှုရေး၊ နောက်ပြီးတော့ ပညာရေးနဲ့ ပတ်သက်တဲ့ နည်းစနစ်အသစ်၊ သင်ကြားနည်း စနစ်အသစ်၊ အယူအဆအသစ်၊ Innovate လုပ်ဖို့ဆိုတာ MoU (Memorandum of Understanding) ကို လက်မှတ်ရေးထိုးထားတာ အခု တစ်နှစ်ပြည့်တော့မယ်။

အဲဒါကို ဝန်ကြီးဌာနကို တင်လိုက်၊ ဝန်ကြီးဌာနကနေပြီးတော့ နိုင်ငံခြားရေးဌာနကို ပို့လိုက်၊ နိုင်ငံခြားရေးဌာနကနေ ဝန်ကြီးဌာနကို ပြန်ရောက်၊ ဝန်ကြီးဌာနကနေပြီးတော့ ရှေ့နေဌာနကို ဘာသာပြန်ဖို့ စိစစ်ဖို့ဆိုပြီး ပို့လိုက်၊ နောက် ရှေ့နေကနေပြီးတော့ ဘာသာပြန်၊ ရှေ့နေရုံးကနေပြီး ဘာသာပြန်တယ်။ နောက် စာပိုဒ်တွေက စာပိုဒ်တွေချထားတာ စနစ်မကျဘူး။ အချက်အလက်နဲ့ ပတ်သက်တာမို့ အဲဒါကို ပြင်ဖို့ဆိုပြီး မော်လမြိုင်ပညာရေးဌာနကိုပို့၊ ပညာရေးဌာနကနေပြီး မော်လမြိုင်တက္ကသိုလ်ကိုပို့၊ အဲဒီတော့ ပညာသင်ကြားနှစ် (၁)နှစ်ကုန်တယ်။ သူတို့ NGO တွေ ဆိုတာလည်းပဲ ကျွန်တော်တို့ အထင်သိပ်သေးလို့ မရဘူး။ NGO ဟာ အများအားဖြင့် NGO နာမည်ခံ တဲ့ဥစ္စာဟာ အစိုးရက ထောက်ပံ့ထားတာပဲ များတယ်။ အချို့လုပ်ငန်းမှာ အစိုးရအချင်းချင်း ဆက်ဆံ ရတာဟာ ဒီလိုအချိန်ဆွဲတဲ့ကိစ္စ၊ နှေးကွေးတဲ့ကိစ္စ၊ အစိုးရအချင်းချင်းဆိုတော့ ပြောရဆိုရတာ တစ်မျိုး ခက်တယ်။ NGO ဆိုတော့ ခပ်နိမ့်နိမ့်နဲ့လာရင် နည်းနည်းလွယ်တယ်။ အဲဒီတော့ ဒီ NGO တွေက တစ်ဆင့် အစိုးရက NGO နဲ့ ဆက်သွယ်ဆက်ဆံရေးကနေပြီးတော့မှ အစိုးရဆက်ဆံရေး၊ NGO အကူအညီကနေပြီးတော့မှ အစိုးရအကူအညီ အဲဒီလို ဖြစ်လာနိုင်တယ်။

နောက်တစ်ခုက ဘာပဲဖြစ်ဖြစ် အမေရိကန်က အခုဆို ဒီ NGO က အခြားအမေရိကန် တက္ကသိုလ်ကနေပြီးတော့ ကျွန်တော်တို့ မော်လမြိုင်တက္ကသိုလ်မှာရှိတဲ့ Marine Biology ကို

စိတ်ဝင်စားတယ်။ ဒါ ပူးပေါင်းပြီးတော့ သုတေသနလုပ်မယ်။ လေ့လာမယ်။ ဒီလိုအဆင့်မျိုး ဖြစ်လာမယ်ဆိုရင် ကျွန်တော်တို့ရဲ့ တက္ကသိုလ်၊ ကျွန်တော်တို့ရဲ့ ကျောင်းသားတွေကလည်းပဲ ပညာရေးမှာ၊ ဒီပညာရပ်မှာ တိုးတက်မှုရှိလာမယ်။ နောက်ပြီးတော့ သူတို့ဆွဲထားတဲ့ အစီအစဉ်အရ ဆရာတွေကို သင်တန်းပေးမယ်။ ဆရာကို ဆရာလုပ်တဲ့ ဆရာ၊ ဆရာဖြစ်သင်တန်းကို ပေးမယ့်ဆရာ၊ (Training of Trainer) အဲဒီလိုဟာမျိုးပေါ့။ အဲဒါမျိုးကို လေ့ကျင့်ပေးမယ်။ အဲဒီတော့ အနည်းဆုံးတော့ အခြားဘာသာရပ်ထားဦးတော့။ ကျွန်တော်တို့မှာ အင်္ဂလိပ်စာ အများကြီးလိုတယ်။ တက္ကသိုလ်မှာ အင်္ဂလိပ်မေဂျာ ဆိုပေမယ့် ကျောင်းပြီးလည်းပဲ အင်္ဂလိပ်စာတတ်တော့ တတ်ပါတယ်။ ဒါပေမဲ့ လိုသေးတယ်။ နောက် ကျွန်တော်တို့ အင်္ဂလိပ်စာ လေ့လာတယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ်လေ့လာတယ်။ ကိုယ့်ကျောင်းနဲ့ ကိုယ်လေ့လာတယ်။ ကိုယ်သင်ကြားခဲ့တယ်။ တကယ် အင်္ဂလိပ်နဲ့ တွေ့တဲ့အခါကျတော့ အင်္ဂလိပ်က အင်္ဂလိပ်စကားပြောတဲ့အခါကျတော့ နားထောင်ရင် နားမလည်တာ။ ကျွန်တော်တို့ကြားနေကြ ကျွန်တော်တို့အချင်းချင်း အင်္ဂလိပ်သံကတစ်မျိုး၊ တကယ့်နိုင်ငံခြားက လာပြောတဲ့အခါကျတော့ အင်္ဂလိပ်သံက တစ်မျိုးဖြစ်သွားရော။ အဲဒါ အခက်အခဲ အများကြီးရှိတယ်။ အဲဒီတော့ ကျွန်တော်တို့က ကျောင်းသားဘဝကတည်းက၊ ငယ်ရွယ်တဲ့ဘဝကတည်းက ဒီအတွေ့အကြုံတွေ၊ ဒီသင်တန်းတွေ၊ ဒီလေ့ကျင့်မှုတွေ အများကြီးလိုတယ်။ အဲဒီတော့ ပညာသင်ကြားတဲ့ဘဝဟာ အင်မတန်တန်ဖိုးကြီးတယ်။ ပညာသင်ကြားတဲ့ အရွယ်ဟာ အင်မတန် တန်ဖိုးကြီးတယ်။ ပညာသင်ကြားတဲ့ အချိန်ဟာ အင်မတန် တန်ဖိုးကြီးတယ်။ တိုင်းပြည်အတွက်လည်း အင်မတန် တန်ဖိုးကြီးတယ်။

ဒါကြောင့် ကျွန်တော် ဆိုလိုချင်တာက ဘာလဲဆိုတော့ ကျွန်တော်တို့ ပညာရေး၊ အဆင့်မြင့်ပညာရေး၊ အထက်တန်းပညာရေး၊ တက္ကသိုလ်ပညာရေးကို နိုင်ငံတကာနဲ့မီအောင်၊ စံချိန်မီအောင်၊ တိုးတက်အောင် ကျွန်တော်တို့ ပြင်ချင်ပါတယ်ဆိုရင် မနှေးကွေးဖို့၊ အခွင့်အရေးရရင် ရသလို ကျွန်တော်တို့ ကြိုးကြိုးစားစားနဲ့ လုပ်ကြဖို့၊ ဆောင်ရွက်ကြဖို့၊ ကျွန်တော်မြင်တာက တက္ကသိုလ်တစ်ခုက ကောင်းရုံနဲ့ ကျွန်တော်တို့ တိုင်းပြည်အတွက် လုံလောက်ပြီလား၊ မလုံလောက်ဘူး။ အခုဦးမျိုးမြင့် တင်ပြသွားတာ တက္ကသိုလ်တွေ၊ ကောလိပ်တွေ အများကြီး။ အဲဒီ အများကြီးမှာ ကျွန်တော်တို့ ကျောင်းသားလူငယ်တွေ လေ့လာကျောင်းတက်နေတာ ထောင်နဲ့ သောင်းနဲ့ ရှိတယ်။ ဒီကလေးတွေ အားလုံး ခေတ်မီတိုးတက်ပညာရပ်ပိုင်းမှာ ကျွမ်းကျင်ရမယ်၊ တတ်မြောက်ရမယ်၊ အဲဒီလိုဖြစ်ဖို့လိုတယ်။ အဲဒီတော့ ကျွန်တော်တို့ လုပ်စရာ အများကြီးရှိတယ်။ အဲဒီ အများကြီးရှိတဲ့အထဲမှာ အခွင့်အလမ်းပေါ်လာပြီဆိုရင် လက်မနှေးဖို့ ကြိုးကြိုးစားစားနဲ့ လျှင်လျှင်မြန်မြန်နဲ့ လုပ်ကြဖို့အတွက် တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) ဒေါက်တာမြတ်ဉာဏစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်

ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ဆွေးနွေးခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ အင်မတန်မှ အတွေ့အကြုံရော၊ ပညာအရည်အချင်းရော ပြည့်စုံတဲ့သူတွေ ဖြစ်ပါတယ်။ ဘာဖြစ်လို့ ဒီအဆိုကို ထောက်ခံဆွေးနွေး ရသလဲ ဆိုတဲ့အကြောင်းရင်းလေးကို အနည်းငယ် တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဖခင်ဟာ တပ်မတော်လေမှာ (Engineering officer) လေတပ်စက်မှုလက်မှု အရာရှိအဖြစ် ၁၉၅၂ ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။ ပြီးတဲ့အခါကျတော့လည်း အရပ်ဘက်မှာ စက်မှုဝန်ကြီးဌာနမှာ အဆင့်ဆင့်သော တာဝန်များကို ပြောင်းလဲပြီးတော့ ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ကျွန်တော်ဟာ ငယ်စဉ် ကတည်းက စက်ရုံတွေကြားထဲမှာ ကြီးပြင်းလာခဲ့ရတာပါ။ အင်ဂျင်နီယာတွေဆိုတာ ကျွန်တော်တို့ရဲ့ (Goal Model) အဖြစ် ကျွန်တော်တို့ မြင်ခဲ့ရတာပါ။ ဖခင်ကြီးကိုယ်တိုင်ကလည်း အင်ဂျင်နီယာ တစ်ယောက် ဖြစ်ခဲ့ပါတယ်။ အဲဒီအခါကျတော့ ဒီကနေ့ ဒီအဆိုကို တင်ပြခဲ့တဲ့ အန်ကယ် ဦးမျိုးမြင့် ဟာ မြန်မာနိုင်ငံရဲ့ ရှေ့ဆောင်အင်ဂျင်နီယာတစ်ဦးလို့ ဆိုချင်ပါတယ်။ Civil အင်ဂျင်နီယာကြီး တစ်ဦးပါ။ တာဝန်အဆင့်ဆင့်ထမ်းဆောင်ခဲ့ပါတယ်။ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မိမိရဲ့ ပညာနဲ့ ထိုက်တန်စွာ ဦးဆောင်ဦးရွက်ပြုခဲ့တဲ့ ပုဂ္ဂိုလ် တစ်ဦးဖြစ်ပါတယ်။ ဒီလိုပါပဲ၊ ဒီနေ့အစီအစဉ်မှာ ဝင်ရောက်ပြီးတော့ ဆွေးနွေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေ ဦးစိုးမြင့်၊ ဦးစတီဗင်သာဘိတ်၊ ဦးဖုန်းမြင့်အောင်၊ ဦးကံညွန့် အားလုံးဟာ တကယ်တတ်ကျွမ်းတဲ့ အင်ဂျင်နီယာပညာရှင်တွေ ဖြစ်ပါတယ်။ ဒီအထဲမှာမှ ကျွန်တော်တို့ ဆေးပညာဘက်က ပုဂ္ဂိုလ်နှစ်ဦးက ဘာဖြစ်လို့ ဝင်ဆွေးနွေးသလဲဆိုပြီးတော့ တချို့ လွှတ်တော်ကိုယ်စားလှယ်တွေက ကျီစယ်လို့ ဒီခြေဆင်း လေးကို တင်ပြရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ အတွေ့အကြုံ၊ ကျွန်တော့်ရဲ့ ကျန်းမာရေးနယ်ပယ်က သင်ကြားရေးဆိုင်ရာ အတွေ့အကြုံတချို့တစ်ဝက်နဲ့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ကျန်းမာရေး ဝန်ကြီးဌာနမှာ တက္ကသိုလ်(၁၄)ခုရှိပါတယ်။ ဆေးတက္ကသိုလ်ရှိပါတယ်။ ဆေးတက္ကသိုလ်တွေရှိပါတယ်။ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေ ရှိပါတယ်။ သူနာပြုတက္ကသိုလ် ရှိပါတယ်။ ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ် ရှိပါတယ်။ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ရှိပါတယ်။ တိုင်းရင်းဆေး တက္ကသိုလ် ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ရှိပါတယ်။ တင်ပြလိုတဲ့သဘောကတော့ Profession ဟာ ဘယ် Profession က မြင့်တယ်၊ ဘယ် Profession က နိမ့်တယ် ဆိုတာမျိုး မဟုတ်ပါဘူး။ အသီးသီး အသုံးဝင်တဲ့သူတွေချည်းပဲ ဖြစ်ပါတယ်။ ရှေ့ကကိုယ်စားလှယ်တော်ကြီးတွေလည်း ဆွေးနွေး ပြီးသား ဖြစ်ပါတယ်။ Technician များဟာ Technician ရဲ့ အတတ်ပညာကို တတ်ကျွမ်းရပါမယ်။ Technician များ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို ဆောင်ရွက်ရပါမယ်။ အင်ဂျင်နီယာများဟာ ပြည့်ဝတဲ့ အင်ဂျင်နီယာ ဘာသာရပ်တွေကို ကျွမ်းကျင်ပိုင်နိုင်တဲ့ အင်ဂျင်နီယာများ ဖြစ်ပြီးတော့ သူတို့ရဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ရောထွေးမသွားဖို့ လိုပါတယ်။ ခုနက ဦးဖုန်းမြင့်အောင် တင်ပြခဲ့သလိုပါပဲ။ ရောလိုက်တဲ့ အခါကျတော့ နှစ်ဖက်စလုံးလည်း နစ်နာပါတယ်။ အင်မတန်မှ နစ်နာရတဲ့ အခြေအနေဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ အားလုံးလည်း ဝေဖန်ကြပါတယ်။ ဝေဖန်စရာလည်း ဖြစ်နေပါတယ်။ မတည်ငြိမ်ပါဘူး။ ခုနက ဆရာ ဦးစိုးမြင့်လည်း တင်ပြပြီးပါပြီ။

ကျွန်တော်တို့ ဆင့်ကဲဆင့်ကဲ ဖြတ်သန်းလာတဲ့ အချိန်မှာ ၁၉၉၇ မတိုင်ခင် ၂၀၀၀ ကနေ ၂၀၁၁ ဒီလိုဖြတ်သန်းလာတဲ့အချိန်မှာ အင်မတန်မှ ရင်နာစရာကောင်းတာကတော့ ၂၀၁၂ တုန်းက တစ်မျိုး၊ ၂၀၁၃ မှာ တစ်မျိုး၊ တစ်နှစ်အတွင်းမှာပဲ ပြောင်းလဲသွားတယ်ဆိုတာ ဒါဘယ်လိုမှ မဖြစ်သင့် မဖြစ်ထိုက်တာပါ။ ခုနက ဦးစိုးမြင့် လည်းဆွေးနွေးတင်ပြပြီး ဖြစ်ပါတယ်။ လူ ပြောင်းသော်လည်း မူ မပြောင်းဖို့ လိုပါတယ်ဆိုတာကို ဒါကို လေးလေးနက်နက် ထပ်ပြီးတော့လည်း ပြန်ပြီးတင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တိုင်းပြည်မှာ ဆရာဝန်တွေ အမြောက်အမြား လိုအပ်ပါတယ်။ အင်ဂျင်နီယာတွေ အမြောက်အမြား လိုအပ်ပါတယ်။ မှန်ပါတယ်။ ဒါပေမဲ့ လက်တွေ့နဲ့ ပိုနီးစပ်တဲ့ သူနာပြုတွေ၊ ကျန်းမာရေးလုပ်သားတွေ၊ နောက်တစ်ခါ Technicians တွေ ဒါတွေဟာ ပိုပြီးတော့ လိုအပ်ပါသေးတယ်။ ဒါတွေကို ပိုပြီးတော့ မွေးထုတ်ပေးနိုင်ဖို့ လိုပါသေးတယ်။ အခုဆိုရင် လက်တွေ့နယ်ပယ်မှာ ကျွန်တော်တို့ ဆရာဝန်နဲ့ သူနာပြု အချိုးအစားဟာ အင်မတန်မှ ကွာဟချက်နည်းနေပါတယ်။ ဒီအတွက်ကြောင့်မို့ ကျွန်တော်တို့ဟာ သူနာပြုတွေကို ပိုမိုပြီးတော့ မွေးထုတ်ပေးရမှာ ဖြစ်ပါတယ်။ ဆရာဝန်တွေကို ထိုက်သင့်တဲ့ အရေအတွက်ထက် ပိုပြီးတော့ မွေးထုတ်ပေးလိုက်မယ်ဆိုရင် အရည်အချင်းမှာ အင်မတန်မှကို နိမ့်ပါးသွားပါလိမ့်မယ်။ Quality Control ရဖို့ဆိုရင် ကျွန်တော်တို့ ဟာ Quantity တွေကိုပဲ Production တွေကို မြှင့်ပေးနေလို့ မရပါဘူး။ ဒါဟာ အားလုံးလည်း လက်တွေ့ကျကျ နားလည်နေတဲ့ကိစ္စ ဖြစ်ပါတယ်။

ဒီအခါမှာ အင်မတန် အံ့အားသင့်ဖို့ကောင်းတာကတော့ ရန်ကုန်စက်မှုတက္ကသိုလ်နဲ့ မန္တလေးစက်မှုတက္ကသိုလ်ကြီးတွေကို Centres of Excellence ပြန်ပြီးတော့ ထူထောင်မည်။ ပြည်သူလူထုကလည်း ဝမ်းပန်းတသာ ကြိုဆိုပါတယ်။ ပြီးတဲ့အခါမှာ ခုနက တင်ပြသွားခဲ့သလိုပါပဲ။ တြိဂံပုံစံ Ratio နဲ့ ကျွန်တော်တို့ အင်ဂျင်နီယာများ၊ B.E ဘွဲ့ရ အင်ဂျင်နီယာများ၊ တစ်ခါ B.Tech ဘွဲ့ရ Technicians များ ဒီလိုမျိုး မွေးထုတ်ပေးဖို့ နဂိုတုန်းက AGTI နဲ့ B.E နဲ့ပဲ ရှိခဲ့တဲ့ပုံစံမျိုး ပြန်ပြီးတော့ စီမံဆောင်ရွက်ပေးတဲ့အတွက် အားလုံးဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတဲ့အချိန်မှာ နိုင်ငံအနှံ့အပြား မှာ တည်ထောင်ပြီးသားဖြစ်နေတဲ့ နည်းပညာတက္ကသိုလ်ကြီးတွေက အင်ဂျင်နီယာတွေ မွေးထုတ် မပေးနိုင်ဘူးဆိုရင်တော့ မတော်ဘူး၊ မဟန်သေးဘူး။ အဲဒီတော့ ကဲ ဟို ရန်ကုန်နဲ့ မန္တလေး Centers of Excellence တွေကလည်း အင်ဂျင်နီယာ တစ်မျိုးတစ်စား မွေးထုတ်၊ ဒီ တိုင်းနဲ့ ပြည်နယ် အသီးသီးမှာရှိနေတဲ့ တက္ကသိုလ်တွေကလည်း အင်ဂျင်နီယာ တစ်မျိုးတစ်စား မွေးထုတ်ဆိုတဲ့ အစီအမံ မျိုးကို ကျင့်သုံးတာကတော့ အင်မတန်မှကို တိုင်းပြည်အတွက် နစ်နာသလို၊ အင်မတန်မှ ဝမ်းနည်း ဖွယ်ရာလည်း ကောင်းပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်လို အကြံအစည်မျိုးနဲ့ ဒါမျိုး ပြောင်းလဲလိုက် သလဲ ဆိုတာကို စဉ်းစားလို့ကို မရပါဘူး။

ဒါဟာ ကျွန်တော် ခုန တင်ပြခဲ့သလိုပါပဲ။ ဆရာဝန်ဟာ ဆရာဝန်ရဲ့ အရည်အချင်း ပြည့်မီဖို့ လိုပါတယ်။ သူနာပြုဟာ သူနာပြုရဲ့ အရည်အချင်း ပြည့်မီဖို့ လိုပါတယ်။ သူနာပြုနဲ့ ကျန်းမာရေး လုပ်သားနဲ့ ဆရာဝန်နဲ့ဟာ သီးခြားစီရပ်တည်ကြတဲ့ Profession တွေ ဖြစ်ပါတယ်။ ပေါင်းစပ်လို့ မရပါဘူး။ ပေါင်းစပ်စရာလည်း မလိုပါဘူး။ ထမ်းဆောင်ရတဲ့ တာဝန်တွေလည်း မတူပါဘူး။ ခုနက ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးတင်ပြသွားသလိုပါပဲ။ အခု ပညာရေးစနစ် ဒီအင်ဂျင်နီယာ ပညာရေးစနစ်ကတော့ ကျွန်တော်တို့ သူနာပြုအတတ်ပညာရှင်များကို အချိန်အနည်းငယ်လောက်ပဲ

ထပ်ပေးပြီးတဲ့အခါမှာ ဆေးပညာကို သင်ကြားပေးပြီးတော့ ဆရာဝန်များအဖြစ် မွေးထုတ်ဖို့ ရည်ရွယ် သလိုမျိုး ဖြစ်နေပါတယ်။ ဒါဟာ လက်တွေ့မှာ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာဟာ ဒါ အားလုံးသိရှိ နားလည်ပြီး ဖြစ်ကြမှာပါ။ အဲဒီအတွက်ကြောင့်မို့လို့ ဒီနည်းစနစ်အမှားကြီးကို အခုအချိန်မှာ ကျွန်တော်တို့ အချိန်မီပါသေးတယ်။ ရပ်တန်းကနေ ရပ်လိုက်ဖို့ ဒါ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကြီးကနေ တစ်ခဲနက် ဒီအဆိုကို ထောက်ခံအတည်ပြုပြီးတော့ ဆုံးဖြတ်ပေးလိုက်ရင် မြန်မာနိုင်ငံရဲ့ ပညာရေးစနစ် သမိုင်းကောင်းတစ်ခုကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကြီးကနေ မော်ကွန်းရေးထိုးနိုင်မယ့် အချိန်အခါ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

နိဂုံးချုပ်အားဖြင့် မတင်ပြခင်မှာ ကျွန်တော်တို့ အလုပ်ရှင်၊ အလုပ်သမား အခွင့်အရေး ကော်မရှင်က တင်ပြခဲ့တဲ့ အစီရင်ခံစာအပေါ်မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကိုယ်တိုင်ဆွေးနွေးခဲ့တဲ့ အခြေအနေလေးတစ်ခု ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အလုပ်ရှင်၊ အလုပ်သမား အခြေအနေဟာ (၁၉)ရာစု အလုပ်ရှင်၊ အလုပ်သမား အခြေအနေမျိုး ပြန်ဖြစ်နေတာကို ဝမ်းနည်း စဖွယ် တွေ့မြင်ရတယ်လို့ ဆွေးနွေးခဲ့ပါတယ်။ အဲဒီလိုပါပဲ၊ အခု ဒီ ၂၀၁၃ မှာ စီစဥ်လိုက်တဲ့ အင်ဂျင်နီယာနဲ့ နည်းပညာရှင်တွေ မွေးထုတ်ပေးဖို့စနစ်ဟာ ရတနာပုံခေတ် စက်မှုနိုင်ငံ ထူထောင်ဖို့ ကြိုးပမ်းသလိုမျိုး ဖြစ်နေပါတယ်။ ဒါဟာ ဆရာကြီး ဦးချစ်စံဝင်း လည်း ဟိုတစ်နေ့က အကျယ်တဝင့် တင်ပြသွားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီတုန်းက Management ဆိုတာကို နားမလည်ခဲ့ သေးပါဘူး။ ကျွန်တော်တို့ ဂျပန်မှာ Naychi Revolution ထက်တောင် ပိုပြီးတော့ စောပါတယ်။ ကနောင်မင်းသားကြီး တစ်ဦးတည်းရဲ့ အစီအမံနဲ့ ဆောင်ရွက်ခဲ့ရတာ ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့ တိကျတဲ့အစီအစဥ် မရှိပါဘူး။ တိကျတဲ့ ထောက်ပံ့မှု မရှိပါဘူး။ ပညာသင်တွေကို အတိုင်းတိုင်းအပြည်ပြည်ကို စေလွှတ်ခဲ့ပေမယ့် တကယ့်တကယ်မှာ လက်တွေ့ကျနတဲ့ စက်မှု တော်လှန်ရေးတစ်ရပ်ကို ကျွန်တော်တို့ ဖော်ဆောင်နိုင်ခဲ့ခြင်း မရှိပါဘူး။ အဲဒီတော့ ရတနာပုံခေတ် လောက်က အမှားဟာ သမိုင်းမှာ လက်ခံလို့ရပါတယ်။ အဲဒီခေတ်၊ အဲဒီအခါတုန်းကပဲ ဆိုပြီးတော့ လွန်ခဲ့တဲ့နှစ်ပေါင်းရာချီခဲ့တုန်းက အမှားမျိုး၊ အဲဒီတုန်းက ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံမျိုးကို ဒီ(၂၁)ရာစုကြီးထဲမှာ ကျင့်သုံးမယ်ဆိုရင်တော့ ဒါဟာ ဘယ်လိုမှကို မသင့်လျော်နိုင်ပါဘူး။ ဒီကိစ္စကြီး ဟာ မှားယွင်းနေပြီ။ ဒီစနစ်ကြီးဟာ ဒီအစီအစဥ်ကြီးဟာ မှားယွင်းနေပြီဆိုတာလည်း ဒါ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ဒါ ကြေကြေလည်လည် သဘောပေါက်ပြီး ဖြစ်မှာပါ။ ရှေ့က ကိုယ်စားလှယ်တော်ကြီးတွေလည်း ဒါကို အလေးအနက် တင်ပြပြီးတော့ ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ အဆိုရှင် အန်ကယ်ဦးမျိုးမြင့် ဒီ အဆိုကို တင်တုန်းကလည်း ဒါကို ရှင်းလင်းစွာ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်ကို လေးလေးနက်နက် တင်ပြလိုတာကတော့ ဒီနေ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေကနေပြီး တော့ လာရောက်ဖြေကြားနိုင်ခြင်း မရှိပါဘူး။ လွှတ်တော်ရဲ့ နည်းဥပဒေများအရ ဒါ ရက်၊ အချိန် ယူရဦးမှာ ဖြစ်ပါတယ်။ ဘယ်လိုပြန်ဖြေကြားမယ်ဆိုတာလည်း ကျွန်တော်တို့ မသိရှိနိုင်သေးပါဘူး။ သို့သော် ဘယ်လိုပဲဖြေဖြေ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ကတော့ ခိုင်မာစွာ ဒီအဆိုအပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်ပြီးတော့ ပညာရေးစနစ် အမှားတစ်ခုကို အမှန်လမ်းကြောင်း

ပေါ်ကို ပြန်ရောက်အောင်လို့ အားလုံးဝိုင်းဝန်းကူညီပြီးတော့ ပြောင်းလဲပေးကြပါလို့ လေးလေးနက်နက် မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၂၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုနဲ့စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ ၁၃၉(c) အရ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က (၂၁)ရက်အတွင်း ပြန်လည်ဖြေရှင်း ဆွေးနွေးနိုင်တဲ့အတွက် အဆို တင်သွင်းတဲ့ရက်မပါ (၂၁)ရက် စောင့်ဆိုင်းပြီးမှသာ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမယ်ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့အစီအစဉ်ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၂း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]